# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ (21-1-2016) (၈၄၅၂)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# မြစ်ဖြတ်ကျော် သွယ်တန်းလာသည့် သက်စွန့်ဆံဖျား အလင်းရောင်ဖန်တီးရှင်များ



သတင်းဆောင်းပါး - ရဲခေါင်ညွန့်
ဓာတ်ပုံ - လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မီတာ ၉၀ အမြင့်ရှိသည့် ဓာတ်အားလိုင်းပေါ်တွင် အလုပ်လုပ်နေသည့် ဝန်ထမ်းများ၏ဓာတ်ပုံများကို facebook စာမျက်နှာတွင် အမှတ်မထင်တွေ့မိသည်။

"အားပါးပါး တကယ့်သက်စွန့်ဆံဖျားပါလား။ တော်ရုံတန်ရုံလူတော့ လုပ်နိုင်မယ့်အလုပ် မဟုတ်ဘူး"ဟု ကျွန်တော်တွေးမိသည်။ သာမန်လူတွေ လုပ်နိုင်ခဲမည်ဟု ကျွန်တော့်ထင်မြင်ယူဆချက်ကို အများကလည်း လက်ခံလိမ့်မည်ဟု ထင်မြင်မိသည်။

ငယ်ငယ်က မီးလာလျှင် အဖွားအိမ်သို့ သွား၍ မြဝတီကလာသည့် ဝူခုန်းကား၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကလာသည့် ပေါင်ချိန်ရုပ်သံဇာတ်လမ်းတွဲကြည့်မည်။ တစ်ခါတစ်ခါ. . တစ်နာရီ ငါးကျပ်ပေးရသော လမ်းထိပ်ရှိ ဂိမ်းဆိုင်တွင် Family ဂိမ်းဆော့မည်။ မှိတ်တုတ်တုတ်ဖြင့် မှိုင်းဝနေသော ရေနံဆီမီးအိမ်ကြီးကို ငြိမ်းမည်။ စာဖတ်မည်။

ကာတွန်း၊ ရွှေသွေး တို့ထဲတွင် ပါဝင်သည့် ကာတွန်းအောင်ရှိန်၏ စိတ်တိုမျောက်ညိုဇာတ်ကောင်များအကြောင်း၊ ကာတွန်းသော်က၏ အရိုင်း အစရှိသည့်ဇာတ်ကောင်များ အကြောင်းကို အဖေ၊ အမေတို့အား အသံထွက်ဖတ်ပြမည်။ ကျွန်တော် ထိုမျှလောက်သာ နားလည်ထားသည်။ လျှပ်စစ်မီးသည် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံတစ်ခုဖြစ်မှန်း မသိတတ်ခဲ့ပါ။

မီးမလာလျှင် EPC ကို ရန်လုပ်မည်။ ဒေါသထွက်မည်။ လေတိုက်လျှင်၊ မိုးကြီးလျှင် မီးပျက်တော့မှာပဲဟူသော အတွေးဖြင့်သာ စိုးထိတ်ဖူးသည်။ လျှပ်စစ်မီးသာ လိုချင်ပြီး လျှပ်စစ်ဘယ်ကရလဲ၊ လျှပ်စစ်ဘယ်က ထုတ်နေရလဲ ကျွန်တော်မတွေးချေ။ တွေးဖို့လည်း မလိုဟု ထင်မှတ်ခဲ့မိသည်။

မကြာသေးခင်က Maung Naynay အမည်ဖြင့် လူမှုကွန်ရက် facebook သုံးစွဲသူ တစ်ဦးက ဇန်နဝါရီ ၁၅ ရက်တွင် မော်လမြိုင်-ချောင်းဆုံ ၆၆ ကေဗွီ ဓာတ်အားလိုင်း မြစ်ဖြတ်ကျော်ကြိုးဆွဲလုပ်ငန်းတွင် Vibration Damper တပ်ဆင်နေသည့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဓာတ်အားလိုင်း ဝန်ထမ်းများ၏ ဓာတ်ပုံများ တင်လာခဲ့သည်ကို တွေ့ရသည်။

မီတာ ၉၀ အမြင့်ရှိသည့် အဆိုပါဓာတ်အားလိုင်းပေါ်တွင် အလုပ်လုပ်နေသည့် ဝန်ထမ်းများ၏ ဓာတ်ပုံများအား စာမျက်နှာ ၈ ကော်လံ ၁ သို့

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံမှ ဖိုးပေါ်စ်အင်တာနေရှင်နယ် ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

စာမျက်နှာ » ၃



## နေပြည်တော် အမျိုးသားစာကြည့်တိုက် တတိယဆောင် ယခုနှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်

စာမျက်နှာ » ၅



## BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲရန် ယာဉ်မောင်းများအား လစာဖြင့် ခန့်အပ်ခေါ်ယူနေ

စာမျက်နှာ » ၁၀




ကြေးမုံ စာတည်းရှုထောင့် — ၂၁-၁-၂၀၁၆၊ ကြာသပတေးနေ့

# ပညာသိဖြင့်သတိကပ်၍ နေထိုင်

မှတ်သားခြင်းသဘောသည် သညာဖြစ်သည်။ ထို့ကြောင့် "အမှတ်သညာ" ဟု ဆိုကြသည်။ လူကြီးသူမတို့က မှတ်သားလိုက်နာဆောင်ရွက်ရန် မှာကြားထားသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက 'အမှတ်သညာ မရှိဘူး' ဟု ဆိုတတ်ကြသည်။ သို့ဖြစ်၍ ဤမှတ်သားပုံသည် အသိဉာဏ်နည်းပါးသူ၊ ဗဟုသုတနည်းပါးသူတို့၌သာ အထင်အရှား ရှိနိုင်ပေသည်။

ပမာဆောင်လျှင် အသိမကြွယ်သေးသည့် ကလေးသူငယ်များမှာ လူကြီးမိဘတို့၏ သင်ကြားပြသသမျှတို့ကို မှတ်သားကြသည်။ မည်သည့်အရာပြပြ၊ မည်သည့်အရာပြောပြော၊ မည်သည့်အရာတွေ့တွေ့၊ မည်သည့်အရပ်ရောက်ရောက် မှတ်သားလိုက်သည်။ အသိမကြွယ်သော ကလေးငယ်တို့၏ သညာမှတ်သားမှုမှာ များလှသည်။ သညာ၏ မှတ်သားခြင်းအကျိုးမှာ လက်ငင်းတွင်သိသလို နောင်အရှည်ထိတိုင် မှတ်သားထားသည်။

သညာသည် အသိမကြွယ်သည့် ကလေးအသိသာဖြစ်သည်။ အမှန်ကိုသိသော ပညာမဟုတ်ချေ။ သညာသည် အမှန်သိမဟုတ်၊ အမှားကိုလည်း သိ၏။ မှတ်၏။ ထို့ကြောင့် ကလေးငယ်များရှေ့တွင် ဆဲရေးတိုင်းထွာခြင်း ပြုမိလျှင် ထိုကလေးငယ်လည်း အရွယ်ရောက်သည့်တိုင် ဆဲရေးတိုင်းထွာပြုတတ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်သည် အရေးကြီး၏။ ကောင်းသောပတ်ဝန်းကျင်မှ ကောင်းသောအပြုအမူများရနိုင်၏။ မှတ်နိုင်၏။ မှားသောအရာ၌ သညာအမှတ်ကြပ်ကြပ်စွဲနေသောသူကို အမှန်သိအောင် ပြုပြင်ရန်ခဲယဉ်းသည်။

အမှားကို အမှန်ထင်သောသညာသည် လွန်စွာကျယ်ပြန့်သည်။ သံသရာတွင် လူသားတို့ကျင်လည်ကြရာ၌ အဝိဇ္ဇာမသိမှုသာမက သညာ၏ အမှတ်လွဲမှုများမှာ များပြားလှ၏။ ဥပမာအားဖြင့် အပုပ်ကို လူတို့ကစက်ဆုပ်ဖွယ်ဟု အမှန်အတိုင်းမှတ်ထားသည်။ ပိုးလောက်တို့မှာ အာဟာရဟု မှတ်ထင်သည်။ ထို့ကြောင့် လူသည်ပိုးလောက် တိရစ္ဆာန်မဟုတ်သဖြင့် စက်ဆုပ်ဖွယ်ကို မှန်အောင်မှတ်နိုင်သည်။ စက်ဆုပ်ဖွယ်ကို မှန်အောင်မမှတ်နိုင်လျှင် လူဖြစ်၊ မဖြစ် သိမြင်နိုင်သည်။

သို့သော် လူတို့သည် စက်ဆုပ်ဖွယ်ရာတို့ကိုသာ အမှန်မှတ်လာကြရာ ဒုက္ခသံသရာတွင် ကြာရှည်စွာကျင်လည်နေကြရသည်။ ကောင်းသောအရာ၊ မကောင်းသောအရာကို မှတ်သားရာ၌ သတိသဘောသည် အရေးပါ၏။ သတိစစ်မှန်လျှင် ကောင်းသောဆိုင်ရာတို့၌သာလျှင် ဖြစ်သည်။ သညာကို သတိအစစ်ကပ်မှသာ ကောင်းသောသညာဖြစ်မည်။ မကောင်းသော သတိကပ်နေလျှင်လည်း အချည်းနှီးဖြစ်မည်။ 'ငယ်ကချစ် အနှစ်တစ်ရာ' သည် သတိအစစ်မဟုတ်၊ အမှတ်ရအောက်မေ့ခြင်းသာဖြစ်သည်။

ချိန်းချက်ထားသည်ကို အမှတ်ရမှု၊ မိမိအား ဂရုစိုက်သည်ကို အမှတ်ရမှုတို့သည် တဏှာပေမဆိုင်ရာ အမှတ်များဖြစ်သည်။ မိမိအားနှိပ်စက်ဖူးသူကို လက်စားချေရန် အမှတ်ရမှု၊ ရန်တုံ့မူရန် အမှတ်ရမှု၊ ကောင်းမှု၊ မကောင်းမှု မခွဲခြားဘဲ မြင်ကာကြားကာမျှနှင့် အမှတ်ရမှု စသည်တို့သည် ဒေါသ၊ ဒေါသမနဿဆိုင်ရာ အမှတ်ရမှုများဖြစ်သည်။ ထိုအမှတ်ရမှုများမှာ သတိအစစ်မဟုတ်ချေ။ ကောင်းသောသတိ၊ ကောင်းသောသညာ မဟုတ်ချေ။

သညာမှာ မှတ်သားခြင်းဖြစ်၍ ကောင်းသောသတိဖြင့် ကောင်းသောမှတ်သားခြင်းသာဖြစ်သင့်သည်။ သို့မှ လူသားဆန်သောလူ ဖြစ်ပေလိမ့်မည်။ ကောင်းကောင်း၊ မကောင်းကောင်း မှတ်သားနေမည်ဆိုလျှင် အသိမကြွယ်သည့် မဖွံ့ဖြိုးသည့်ကလေးသူငယ်သာ ဖြစ်ပေလိမ့်မည်။ လူပီသသည့် ကောင်းသောလူသားဖြစ်မည့်သူသည် သညာအစစ်၊ သတိအစစ်ကပ်ရမည်။ ကောင်းသောကုသိုလ်များ၊ လူသားချင်းစာနာသောအပြုအမူကိုသာ မှတ်သားလိုက်နာရမည်။ မကောင်းသောအပြုအမူများအား မှတ်သားလုပ်ဆောင်နေမည်ဆိုပါက လူဖြစ်လိမ့်မည်မဟုတ်ချေ။

မျက်မှောက်ကာလတွင် မှန်မှန်၊ မှားမှား မသိသည့်သညာများကို များလူတို့မှတ်သားနေကြပါသည်။ မှတ်သားလွယ်အောင်လည်း ပျံ့နှံ့မှုမြန်ဆန်နေပါသည်။ လွယ်ကူနေပါသည်။ သညာသည်အမှားအမှန်မခွဲသေးသည့် သညာသိဖြစ်ပါ၍ အမှားအမှန်ခွဲခြားသိသည့် "ပညာသိဖြင့် သတိကပ်ကာ ကျင့်ကြံနေထိုင်" သွားကြမှသာလျှင် လူပီသသည့်လူဖြစ်ပေလိမ့်မည်။ ။

## ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ တာတမံများ၏ ကြံ့ခိုင်မှုစစ်ဆေးသွားမည်

**ညောင်တုန်း ဇန်နဝါရီ ၂၀**

နယ်သာလန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရေအရင်းအမြစ်ဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူညီခဲ့ကြသည့် မြေသားအရည်အသွေး ဆန်းစစ်မှုကိရိယာဖြစ်သည့် Prikstok အချောင်း ၁၅၀ အား ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ တာတမံများ၏ ကြံ့ခိုင်မှုအနေအထားအတွက် စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ မြေသားအရည်အသွေးဆန်းစစ်မှုကိရိယာဖြစ်သည့် Prikstok များမှာ ရိုးရှင်းသော ကိရိယာတစ်ခုဖြစ်ပြီး နယ်သာလန်နိုင်ငံ၌ရှိသော မြစ်ဝကျွန်းပေါ်ဒေသများ၏ တာတမံများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာတမံများ၏ တာရှည်ခံနိုင်ဝန်အားကို စမ်းသပ် စစ်ဆေးနိုင်သည့်အတွက် အလွန်အသုံးဝင်သော ကိရိယာတစ်ခုဖြစ်ကြောင်း သိရသည်။

ရေစိမ့်လွှာများ၊ ကြွက်တွင်းနှင့် ခြတွင်းများကို တာတမံများအတွင်း ရှာဖွေရာတွင် မြေသားအရည်အသွေး ဆန်းစစ်မှု ကိရိယာဖြစ်သည့် Prikstok မှာ လွန်စွာအသုံးဝင်ပြီး တာတမံများ အနီးအနားရှိ ဒေသခံ တောင်သူဦးကြီးများအတွက် လယ်ယာစိုက်ပျိုးရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံပူးပေါင်းစီမံခန့်ခွဲမှု၏ အကျိုးကျေးဇူးအနေဖြင့် မဟာဗျူဟာမြောက် ရေအရင်းအမြစ်ဆိုင်ရာ ဘက်စုံပူးပေါင်းစီမံခန့်ခွဲမှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ်ကလည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ခြင်းဆိုင်ရာအစီအစဉ်ဖြင့် လုပ်ငန်းဆောင်ရွက်သည့် စီမံကိန်းများကို ၂၀၁၅ ခုနှစ်ကလည်းကောင်း ဆောင်ရွက်ခဲ့သည်။

ထို့အပြင် နယ်သာလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် မဟာဗျူဟာမြောက် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအမံများကို ဆက်လက်၍ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် နယ်သာလန်နိုင်ငံမှ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Reina Buijs က မြေသားအရည်အသွေးဆန်းစစ်မှု ကိရိယာဖြစ်သည့် Prikstok အချောင်း ၁၅၀ အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဒီဇိုင်းနှင့် ပုံထုတ်ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်ထွန်းထံ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)**



မြေသားအရည်အသွေး ဆန်းစစ်မှုကိရိယာဖြစ်သည့် prikstok အား မဲဇလီ(၂) ရေထိန်းတံခါးအနီးရှိ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ သရုပ်ပြ စမ်းသပ်ကြစဉ်။

## သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေများပေးအပ်

**ပဲခူး ဇန်နဝါရီ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံတစ်ဝန်းရှိ အသက်(၉၀)နှင့် (၁၀၀)နှစ်အကြား သက်ကြီးရွယ်အိုများအား လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေဖြင့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးရာ ပဲခူးတိုင်းဒေသကြီးမှ အဘိုး၉၄၆ ဦး၊ အဘွား ၁၈၃၄ ဦး စုစုပေါင်း ၂၇၈၀ ဦး ရရှိသည်။

ပဲခူးမြို့နယ်အတွင်းမှ ထောက်ပံ့ငွေရရှိသော အဘိုး ၈၄ဦး၊ အဘွား ၂၀၂ဦး စုစုပေါင်း ၂၈၆ ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈၀၀၀ကျပ်နှုန်းဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက ဇန်နဝါရီ ၂၀ရက်က ထောက်ပံ့ငွေရရှိမည့် အဘိုး၊ အဘွားများ၏ လက်ဝယ်သို့ အရောက် သွားရောက်၍ ထောက်ပံ့ငွေများပြန်လည်ပေးအပ်ကြသည်။

**(၅၈၈)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်(ရွှေဈေး) ၇၆၀၀၀၀ - ၇၆၀၀၀၀ မန္တလေး(ရွှေဈေး) ၇၅၉၅၀၀ - ၇၅၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀ ကျပ်၊ | ၅၅၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၆၀ ကျပ်၊ | ၇၂၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀ ကျပ်၊ | ၆၁၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၄၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၇၉၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၆.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇.၅၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၈.၁၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၃.၈၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ကျောင်းတိုက်သို့ တိုင်းရင်းဆေးများ ဆက်ကပ်လှူဒါန်း

**ကျိုက်ထို ဇန်နဝါရီ ၂၀**

ကျိုက်ထီးရိုးတောင်တန်းကြီးပေါ်ရှိ ရင်ပြင်တော်ကျောင်းတိုက်ကြီးနှင့် အတူ ရသေ့တောင်၊ စကြာတောင်၊ မြစိမ်းတောင်၊ မုဆိုးတောင်၊ ကန့်ကြီးများ၌ သာသနာပြုလျက်ရှိသော ဘုန်းကြီးကျောင်းပေါင်း ၅၆ ကျောင်းရှိကြောင်း ဂေါပကစာရင်းများအရ သိရသည်။

အဆိုပါ ကျောင်းများရှိ သံဃာတော်များအတွက် ကျန်းမာရေးအထောက်အပံ့ဖြစ်စေရန်အတွက် မြန်မာတိုင်းရင်းဆေးဝါးများကို နှစ်စဉ်လှူဒါန်းလျက်ရှိသည်။

ယခုနှစ် (၁၅) ကြိမ်မြောက် တိုင်းရင်းဆေးဝါးများ စုပေါင်းလှူဒါန်းခြင်း အလှူကို ဇန်နဝါရီ ၁၅ ရက်က ကျိုက်ထီးရိုးရင်ပြင်တော်၌ပြုလုပ်ရာ အလှူရှင်များက ဆရာတော်ထံ ဆေးပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှုံ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြီးယားနိုင်ငံမှ ဖိုးပေါ်စ်အင်တာနေရှင်နယ် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဟဲမက် ဒန်လာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြီးယားနိုင်ငံမှ ဖိုးပေါ်စ်အင်တာနေရှင်နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ ဟဲမက် ဒန်လာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်များလျော့ပါးရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဘေးမဲ့တောများ ထူထောင်ရေး၊ မြန်မာနိုင်ငံအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ တောရိုင်းတိရစ္ဆာန်များကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ ဆင်ဆေးကုသစခန်းများ ဖွင့်လှစ်ထူထောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မန္တလေး-ပြင်ဦးလွင် လမ်းသစ်ဖောက်လုပ်ခြင်းဖြင့် ယာဉ်လမ်းကြောင်းရှင်းလင်းရေးနှင့် ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းသည် လက်ရှိအခြေအနေအရ လမ်းသစ်ဖောက်လုပ်ရန်လိုအပ်လျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူများစွာ ဖြစ်ပေါ်လာနိုင်သည့်အတွက် B.O.T လမ်းပိုင်းအဖြစ် ဖောက်လုပ်ခွင့်ပြုရန်တင်ပြလာသည့် Axiom Mandalay High Way Construction Co.,Ltd. အား ၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဖောက်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောကြားသည်။

လက်ရှိ မန္တလေး-ပြင်ဦးလွင်လမ်းပိုင်းတွင် နေ့စဉ်ကားအစီးရေ တိုးတက်များပြားစွာသွားလာလျက်ရှိရာ ယခင်၂၀၁၂ ခုနှစ်တွင် တစ်နေ့လျှင် အတက်၊ အဆင်း ကားအစီးရေ ၃၀၀၀ ကျော်သာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ၅၀၀၀ ကျော်အထိရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပုံမှန်တစ်နေ့လျှင် ၁၀၀၀၀ ကျော်အထိမြင့်တက်လာသည့်အပြင် ဒီဇင်ဘာပွဲတော်ကာလများတွင် ၁၅၀၀၀ ကျော်အထိရှိလာကာ မူဆယ်သို့ ကုန်စည်ပို့ဆောင်ရန် သွားလာနေကြသော ၁၂ ဘီးယာဉ်ကုန်ကားကြီးများလည်း လက်ရှိ လမ်းပေါ်တွင် သွားလာမှုပိုမိုများပြားလာသည့်အတွက် လမ်းကျပ်ခြင်းနှင့် လမ်းပိတ်ခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

"ယာဉ်ကြောလည်း ရှင်းသွားမယ်။ ဒေသထွက်ကုန်တွေလည်း လျင်မြန်စွာပို့ဆောင်နိုင်မှာဖြစ်လို့ ဒေသခံပြည်သူတွေရဲ့ စီးပွားရေးတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အပြင် မြို့၊ ရွာအသစ်တွေလည်း ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းဒေသကြီးအစိုးရအဖွဲ့က သဘောတူခွင့်ပြုပေးခဲ့တာပါ။ လမ်းဖောက်မယ့် ကုန်ကျစရိတ်ကတော့ ဒီကုမ္ပဏီကပဲ အားလုံးအကုန်အကျခံမှာ ဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

အဆိုပါလမ်းသစ်မှာ မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်ရှိ ရန်ကင်းတောင်ခြေမှ ပြင်ဦးလွင်အနီးစခန်းရှိ မူလလမ်းပိုင်းနှင့်ပေါင်းစပ်သွားမည်ဖြစ်ကာ ခရီးအကွာအဝေး မိုင်၂၀ ခန့်ရှည်လျားပြီး လမ်းအကျယ် ပေ ၄၀ နှစ်လမ်းသွားအား ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှစ၍ ဖောက်လုပ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ စီမံကိန်းအင်ဂျင်နီယာ ဦးသိန်းစိုးက ပြောသည်။

"မန္တလေး-ပြင်ဦးလွင် အရင်လမ်းဟောင်းက ၄၂ မိုင်ရှိတယ်။ အခုလမ်းသစ်က ယာယီခန့်မှန်းတိုင်းတာထားတာကတော့ မိုင် ၂၀ ခန့်ပေါ့။ လောလောဆယ် လမ်းအူကြောင်း ရွေးချယ်ထားပါတယ်။ ကိုးတန်အောက်ယာဉ်တွေဖြတ်သန်းသွားလာနိုင်ပြီး အချိန်တိုတိုနဲ့ ရောက်ရှိဖို့ ရည်ရွယ်ပါတယ်။ လမ်းဟောင်းမှာက ကားကျပ်တာတွေနဲ့ အန္တရာယ်လည်းရှိတဲ့အတွက် ဒီလမ်းကို ရွေးချယ်တာပါ။ ကတ္တရာ ၁၂ ပေလမ်း နှစ်လမ်းပေါ့။ လမ်းအကျယ်က ပေ ၄၀ ပါ။ လူအင်အား ၂၀၀ နဲ့ ဖောက်လုပ်နေပါတယ်။ ဒီလမ်းကြီးပြီးသွားရင် အရင်ထက် ခရီးတစ်ဝက်လောက် သွားရတာ သက်သာသွားမယ်။ လျာထားတာက သုံးနှစ်စီမံကိန်းပေါ့။ ဒီထက်စောပြီးစီးအောင်လည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ကုန်ကျငွေအနေနဲ့ ကျပ်သိန်း ၈၀၀၀၀ ခန့်မှန်းထားပါတယ်။ လမ်းပြီးသွားရင်တော့ ဒေသခံပြည်သူတွေရော ခရီးသွားပြည်သူတွေပါ သက်သောင့်သက်သာနဲ့ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မှာပါ"ဟု ၎င်းက ဆိုသည်။



ဒေသခံတစ်ဦးဖြစ်သူ မထွေးကလည်း "ဝမ်းသာတာပေါ့။ တောထဲကနေ မြို့ထဲရောက်ဖို့မလွယ်ဘူးလေ။ အခုလို လမ်းဖောက်တဲ့အတွက် သွားရေးလာရေးလွယ်ကူသွားတယ်။ နောက်ပြီး အစ်မတို့ဒေသဘက်အနေနဲ့လည်း မျက်စိပွင့်နားပွင့်ဖြစ်တာပေါ့။ ကလေးတွေ ကျောင်းထားဖို့အတွက်လည်း အဆင်ပြေသွားမယ်။ ဟိုတုန်းက တောထဲတောင်ထဲဆိုတော့ ကလေးတွေ ပညာလည်းမတတ်ဘူး။ လမ်းဖောက်ဖို့ကြားထားတာလည်း နှစ်နှစ်လောက်ရှိပြီ။ အခုမှ စဖောက်ဖြစ်တယ်"ဟု ဆိုသည်။

လက်ရှိဖောက်လုပ်နေသည့် လမ်းပိုင်းသစ်သည် တောင်တက်လမ်းဖြစ်၍ တောင်အမြင့်နှစ်လုံး၊ တံတား ၁၀ စင်း၊ ဆင်ခြေလျှော တောင်ကုန်းမြင့် ၁၀ လုံးနှင့် ရေနံပိုက်လိုင်းတစ်ခုကို ဖြတ်သန်းရမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆိပ်ကမ်းရောက် အရင်းဈေးထပ်မံကျဆင်းမှုများလာ၍ ရန်ကုန်မြို့တွင် စက်သုံးဆီရောင်းဈေးချရန်ညွှန်ကြားသော်လည်း ကွာဟမှုမြင့်နေဆဲ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များတွင် ဈေးနှုန်းများ သိသာစွာကျဆင်းလာသည်။ ဇန်နဝါရီ ၁၈ ရက်က အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၆၁၀-၆၃၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၅၇၀-၆၁၀ ရှိခဲ့သည်။ စက်သုံးဆီ NGO အသင်း၏ ညွှန်ကြားသတင်းထုတ်ပြန်မှုအရ ဇန်နဝါရီ ၁၉ ရက်က အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၅၅၀၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ကျပ် ၆၆၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၅၀၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာလျှင် ကျပ် ၅၆၀ သာရှိကြောင်း စက်သုံးဆီဆိုင်ရှေ့ရှိ ဈေးနှုန်းစာရင်းဖော်ပြချက်များအရ သိရသည်။

ဇန်နဝါရီ ၁၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြချက်အရ ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ တစ်ပတ်အတွင်း ဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၄၉၀၊ ဒီဇယ်တစ်လီတာလျှင် ၃၇၃ ကျပ်သာ ဈေးရှိပြီး ယခင်အပတ်အရင်းဈေးထက် အောက်တိန်း ၉၂ တစ်လီတာလျှင် ၃၈ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၄၇ ကျပ် ထပ်မံဈေးကျလာသည်။

စက်သုံးဆီ NGO အသင်း၏ ညွှန်ကြားချက်အရ အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၆၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၇၀ လျော့နည်းသွားသော်လည်း အရင်းဈေးနှုန်း ထပ်မံကျဆင်းမှုကြောင့် ပြည်ပမှ စက်သုံးဆီဝယ်ယူတင်သွင်း၍ ရန်ကုန်မြို့တွင်း ကိုယ်ပိုင်အရောင်းဆိုင်များမှ လက်လီရောင်းချရာတွင် အောက်တိန်း ၉၂ တစ်လီတာလျှင် ၂၂ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၃ ကျပ်သာ ယခင်ရနေကျဈေးနှုန်းထက် လျော့နည်းမှုရှိသည်ဟု သိရသည်။

၂၀၁၅ နှစ်ဆန်းပိုင်းတွင် ကမ္ဘာ့ရေနံဈေးကျသော်လည်း ပြည်တွင်းလက်လီဈေးမကျသဖြင့် စက်သုံးဆီ NGO အဖွဲ့မှ အစည်းအဝေးပြုလုပ်၍ ဈေးနှုန်းလျော့ရန် စီစဉ်ခဲ့မှုရှိသည်ဟု ဇန်နဝါရီ ၁၆ ရက်နေ့ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်တွင် ဖော်ပြသည်။

ပြည်ပမှ တင်သွင်းသည့် ဆိပ်ကမ်းရောက်အရင်းဈေးနှုန်းနှင့် အရောင်းဆိုင်များတွင် ရောင်းချသော လက်လီဈေးနှုန်းများမှာ ကွာဟနေခြင်းကြောင့် အများပြည်သူ ဝယ်ယူသုံးစွဲမှုအဆင်ပြေစေရန်အတွက် သတ်မှတ်ဈေးနှုန်းထက် မပိုသောဈေးနှုန်းဖြင့်ရောင်းချရန် ညွှန်ကြားခြင်းဖြစ်သည်ဟု ဇန်နဝါရီ ၁၉ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာတစ်စောင်တွင် ထပ်မံဖော်ပြလာသည်။

သက်ဆိုင်ရာမှ အရင်းဈေးနှုန်းထုတ်ပြန်မှု (၃၃)ကြိမ်ဝန်းကျင်ရှိလာသည်။ ပထမဆုံးထုတ်ပြန်သည့် ဇွန် ၂ ရက်တွင် စက်သုံးဆီဈေးနှုန်း တစ်လီတာ လက်လီရောင်းဈေးနှုန်းနှင့် အရင်းဈေးနှုန်းကွာဟမှုမှာ ကျပ် ၃၀ ဝန်းကျင်သာရှိသည်။ သို့သော် ဇွန်လမှ ယနေ့အထိ ၇ လကျော်ကာလအတွင်း အောက်တိန်း ၉၂ တစ်လီတာ လက်လီရောင်းဈေးနှုန်းနှင့် အရင်းဈေးကွာဟမှုမှာ ၁၃၆ ကျပ်၊ ဒီဇယ်ဆိုလျှင် ကျပ် ၁၇၀ ထိ အသီးသီးရှိခဲ့သည်။

ကမ္ဘာ့ရေနံဈေးကျဆင်းချိန် ပြည်တွင်းတွင် အကျိုးအမြတ်ရယူရောင်းချမှုများနေ၍ ဝယ်ယူသုံးစွဲသူများ ကမ္ဘာ့ရေနံဈေးကျဆင်းမှုကို ခံစားရခြင်းမရှိသေးဘဲ ပြည်ပမှ ဝယ်ယူတင်သွင်းသူများသာ အကျိုးအမြတ်များစွာရရှိနေသည်။ သို့ဖြစ်ရာ ကားလမ်းမတွင် ရေနံအရောင်းဆိုင်များ ယခင်ကာလထက်များစွာ များပြားလာသည်ဟု ရန်ကုန်-ပုသိမ်သွား ခြောက်ဘီးကုန်တင်ယာဉ် ၄ခ/----- ပိုင်ရှင် ဦးဖိုးချိုက ဆိုသည်။

ရေနံဈေးနှုန်းဆိပ်ကမ်းအရောက် အရင်းဈေးနှုန်းများ အပတ်စဉ်ပြောင်းလဲမှုနှင့်အတူ ပြည်တွင်းစက်သုံးဆီရောင်းဈေးများ သတ်မှတ်ပေးရာတွင် ပြောင်းလဲမှုရှိမှသာ ကမ္ဘာ့ရေနံဈေးပြောင်းလဲမှုနှင့်အညီ ပြည်တွင်းတွင် ဝယ်ယူသုံးစွဲသူများ ခံစားနိုင်မည်ဟု မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှဦးက ပြောသည်။

အရှုံးမရှိ၊ အမြတ်များများသာလိုသည်။ ဈေးနှုန်းများ ကန့်သတ်၍မရဆိုသော ပြောဆိုမှုများ ဈေးကွက်ဆိုင်းဘုတ်တွင် များပြားစွာ ကြားသိနေရသည်။ ဈေးနှုန်းပြောင်းလဲမှုအချို့မှာ သဘာဝမကျဘဲ အမြတ်များများရရေး ရှေးရှုခြင်းများဖြစ်နေသည်။ ဇန်နဝါရီ ၁၉ ရက် စက်သုံးဆီဈေးနှုန်းများ ပျမ်းမျှတစ်လီတာ ကျပ် ၅၀ ဝန်းကျင်၊ တစ်ဂါလန် ကျပ် ၂၀၀ ဝန်းကျင်၊ တစ်ပီပါ ကျပ်တစ်သောင်းခန့် ဈေးလျော့နည်းမှု ရှိလာသည်။

စက်သုံးဆီဈေးနှုန်းများ ဇန်နဝါရီ ၁၉ ရက် ထုတ်ပြန်သော ဆိပ်ကမ်းအရောက် အရင်းဈေးထပ်မံကျဆင်းနေမှုကြောင့် မြို့တွင်းရောင်းဈေးများထပ်မံကျဆင်းနိုင်ရန် မျှော်လင့်နိုင်သည်ဟု ဝယ်ယူသုံးစွဲသူများက ပြောသည်။

စက်သုံးဆီဈေးကျမှုနှင့်အတူ ကားခ၊ ကုန်ပို့ခများ အထိုက်အလျောက် ကျဆင်းလာစေသည်။ သို့သော် အကြောင်းအမျိုးမျိုးပြ၍ ဈေးချပေးရန်မဖြစ်နိုင်ဟု ခရီးသည်နှင့် ကုန်ပို့သူများက ပြောဆိုဝေဖန်နေကြသည်။ ဈေးနှုန်းကန့်သတ်၊ ဈေးချနိုင်၍မရဟုဆိုသော်လည်း အရင်းဈေးနှင့် ရောင်းဈေးကျမှု များပြားလာခြင်းကြောင့် ဝယ်ယူသုံးစွဲသူများ ဝေဖန်ပြောဆိုမှုနှင့်အတူ သက်ဆိုင်ရာ NGO အဖွဲ့၏ ဈေးနှုန်းနှင့်ပတ်သက်သော ညွှန်ကြားမှုမှာ ၂၀၁၅ နှင့် ၂၀၁၆ နှစ်ဆန်းပိုင်းတွင် တစ်ကြိမ်စီရှိလာကြောင်း သိရသည်။

**(မောင်စေအောင်)**

# ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ တက္ကသိုလ်ကို စစ်သွေးကြွတို့ တိုက်ခိုက်




**အစ္စလာမ္မာဘတ်  ဇန်နဝါရီ  ၂၀**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ တက္ကသိုလ်တစ်ခုကို လက်နက်ကိုင်စစ်သွေးကြွများက ဇန်နဝါရီ ၂၀ ရက်တွင် စီးနင်းတိုက်ခိုက်ခဲ့ရာ ၂၁ ဦးထက်မနည်း သေဆုံးပြီး လူအများအပြားဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ခိုင်ဘာပထန်ကာဝါပြည်နယ် ချာဆက်ဒါမြို့ရှိ ဘာချာခန်းတက္ကသိုလ်ကို စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းမှာ မိမိတို့၏လက်ချက်ဖြစ်သည်ဟု ပါကစ္စတန် တာလီဘန် အထက်တန်းတပ်မှူးတစ်ဦးက ထုတ်ပြန်ကြေညာသည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက ကြည်းကြောင်းနှင့်လေကြောင်းတို့မှ ဝန်းရံကာ စစ်သွေးကြွတို့ကို ချေမှုန်းခဲ့သည်။

တက္ကသိုလ်ခြံဝင်းအတွင်းရှိ စစ်သွေးကြွများကို ချေမှုန်းနိုင်ရန် ကြည်းတပ်တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးဆင်နွှဲခဲ့ကြောင်းနှင့် စစ်သွေးကြွလေးဦးသေဆုံးခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

ကျောင်းသား ကျောင်းသူများ၊ အစောင့်ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့များအပါအဝင် လူ ၁၉ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း ကယ်ဆယ်ရေးလုပ်သားများ၏ ပြောရေးဆိုခွင့်ရှိသူ ဘီလားအာမက်က ပြောကြားသည်။

သေဆုံးသူအများအပြားမှာ အဆုံးစီရင်ခံရသည့်ပုံစံမျိုးဖြင့် ဦးခေါင်းကို သေနတ်ပစ်ခတ်ခံရကာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်ခဲ့သည်။

**ရိုက်တာ။**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တရုတ်နှင့်ဆော်ဒီခေါင်းဆောင်များ သဘောတူ




**ရီယာဒ်  ဇန်နဝါရီ  ၂၀**

တရုတ်နှင့် ဆော်ဒီအာရေဗျခေါင်းဆောင်များက အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စရပ်များ အပါအဝင် စွမ်းအင်နှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းခရီးစဉ်၏ ပထမဆုံးရပ်နားမှုအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဇန်နဝါရီ ၁၉ ရက်က ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း တရုတ်နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

သမ္မတရှီအား ဆော်ဒီဘုရင် ဆော်လ်မန်ဘင် အဒူလ်လာဇက်ဇ်က ခရီးဦးကြိုဆိုခဲ့ပြီးနောက် ခေါင်းဆောင်နှစ်ဦး၏ ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရန်နှင့် ဆက်လက်ကျဆင်းနေသည့် ရေနံစိမ်းဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ခေါင်းဆောင်နှစ်ဦးက အရေးကြီးသောကိစ္စရပ်များကို သဘောတူညီခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ရေနံစိမ်းတင်ပို့သည့်နိုင်ငံဖြစ်သည်။

ထို့ပြင် အာရှနှင့် ဥရောပတိုက်ကို ချိတ်ဆက်ပေးသည့် စီးပွားရေးဇုန်တစ်ခုတည်ထောင်ရန် ရည်ရွယ်သည့် တရုတ်နိုင်ငံက အဆိုပြုထားသော "ပိုးလမ်းမကြီးစီးပွားရေးစကြံနှင့် ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး" ကိုအားပေးမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးပြောကြားသည်။ အခြေခံအဆောက်အအုံနှင့် အသီးသီးသော စက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရာတွင် တရုတ်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံကို ပံ့ပိုးကူညီမည်ဖြစ်သည်။

အစ္စလာမ့်စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် အတူတကွ လက်တွဲဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြပြီး စစ်ဘေးသင့်ဆီးရီးယားနှင့် ယီမင်နိုင်ငံများ၏ အခြေအနေကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပြီးနောက် သမ္မတရှီ၏ အဆိုပါခရီးစဉ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ သမ္မတ ရှီကျင့်ဖျင်သည် အီဂျစ်နှင့် အီရန်နိုင်ငံတို့သို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။ သမ္မတရှီ၏အဆိုပါခရီးစဉ်သည် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုကို မီးမောင်းထိုးပြရန်နှင့် အမေရိကန်ပြည်ထောင်စုအပြင် ကမ္ဘာ့အင်အားကြီးနိုင်ငံသစ်တစ်ခုအဖြစ် နေရာယူလာရန်ရည်ရွယ်ကြောင်း လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## အိုင်အက်စ်တို့က အီရတ်နိုင်ငံရှိ ကလေးများအား စစ်ပညာသင်ကြားပေးလျက်ရှိ

**ဘဂ္ဂဒက်  ဇန်နဝါရီ  ၂၀**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က အီရတ်နိုင်ငံရှိ ကလေးငယ် ၈၀၀ ကျော်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး တိုက်ခိုက်ရေးအတတ်ပညာများ သင်ကြားပေးလျက်ရှိသည်ဟု ကုလသမဂ္ဂအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပါရှိကြောင်းသိရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအပါအဝင် ကုလသမဂ္ဂအဖွဲ့က ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သော အီရတ်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အခြေအနေဆိုင်ရာ အစီရင်ခံစာ၌ အဆိုပါဖမ်းဆီးခေါ်ဆောင်မှုကို ထည့်သွင်းဖော်ပြထားသည်။ အစီရင်ခံစာတွင် ကလေးငယ် ၈၀၀ နှင့် ၉၀၀ အကြားကို အီရတ်နိုင်ငံ ဒုတိယအကြီးဆုံးမြို့တော် မိုဆယ်လ်တွင် အိုင်အက်စ်စစ်သွေးကြွများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ပါရှိသည်။

ဖမ်းဆီးခံကလေးငယ်များ၏ အသက်အရွယ်အလိုက် အုပ်စုခွဲပြီး စခန်းသွင်းထားသည်။ အသက် (၅)နှစ်နှင့် (၁၀)နှစ်အရွယ်ကလေးငယ်များကို ဘာသာရေးဆိုင်ရာ ယုံကြည်မှုများ သင်ကြားပေးပြီး အသက် (၁၀)နှစ်နှင့် (၁၅) နှစ်အရွယ် ကလေးများကို တိုက်ခိုက်ရေးအတတ်ပညာများ သင်ကြားပေးကြောင်း အစီရင်ခံစာအရ သိရသည်။

အစီရင်ခံစာတွင် အိုင်အက်စ်စစ်သွေးကြွများက ဖမ်းဆီးထားသောကလေးငယ်များကို စစ်မြေပြင်များတွင် အသုံးချပြီး တပ်ပြေးများအားသတ်ဖြတ်ရန်လည်း စေခိုင်းလျက်ရှိကြောင်းနှင့် ယင်းတို့လက်မှ ထွက်ပြေးလွတ်မြောက်သွားသော ကလေးငယ်များကို ပြန်လည်ဖမ်းဆီးပြီး သတ်ဖြတ်ကြကြောင်း ထည့်သွင်းဖော်ပြထားသည်။

အဆိုပါလုပ်ရပ်များကို ကုလသမဂ္ဂအဖွဲ့က နိုင်ငံတကာ စစ်ဥပဒေကို ဖောက်ဖျက်သည့်ပြစ်မှုအဖြစ် သတ်မှတ်ကာ ရှုတ်ချကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ။**

## ဗီယက်နမ်နိုင်ငံက ရေနံတူးစင်ရွှေ့ပြောင်းမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံကို သတိပေး

**ဟန်နွိုင်း ဇန်နဝါရီ ၂၀ ။** ။ တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော ပင်လယ်ပြင်အတွင်း ရေနံတူးဖော်ခြင်းမပြုလုပ်ရန် ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံကို သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်း နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဟု အပြိုင်အဆိုင်ပြောဆိုထားသည့် နေရာတစ်နေရာသို့ တရုတ်နိုင်ငံက ရေနံတူးစင်တစ်ခုကို ရွှေ့ပြောင်းခဲ့ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဟိုင်းဘင်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ပိုင်နက်အငြင်းပွားလျက်ရှိရာနေရာတွင် တရုတ်နိုင်ငံအနေဖြင့် ရေနံတူးဖော်မှုမပြုလုပ်ရန် ဗီယက်နမ်နိုင်ငံက မေတ္တာရပ်ခံကြောင်း၊ ဟိုင်ဒွန်း-၉၈၁အမည်ရှိ အဆိုပါရေနံတူးစင်ကို ဖယ်ရှားပေးရန် ပန်ကြားကြောင်း ဘင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ နိုင်ငံတကာဥပဒေများနှင့်အညီ ယင်းနေရာသည် ဗီယက်နမ်က ဥပဒေအရပိုင်ဆိုင်ခွင့်များနှင့် အကျိုးစီးပွားများ သက်ရောက်ခွင့်ရှိသည့်နေရာဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့သည် ၂၀၁၄ ခုနှစ် နှစ်လယ်က တရုတ်ရေနံတူးစင်ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့ကြပြီး ဆယ်စုနှစ် နှစ်ပေါင်းများစွာကြာမြင့်သည့်ကာလအတွင်း သံတမန်ရေးအရ အတင်းမာဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြသည်။

**ရိုက်တာ။**

# ပဉ္စမမြောက်ရေကြောင်းနှင့် လေကြောင်းလမ်းပြဂြိုဟ်တု အိန္ဒိယနိုင်ငံ အောင်မြင်စွာလွှတ်တင်

**နယူးဒေလီ  ဇန်နဝါရီ  ၂၀**

အိန္ဒိယနိုင်ငံသည် ပဉ္စမမြောက်ရေကြောင်းနှင့် လေကြောင်းလမ်းပြဂြိုဟ်တုကို ဇန်နဝါရီ ၂၀ ရက်တွင် နိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဆရီဟာရီကိုတာ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဒေသတွင်းပင်လယ်ရေကြောင်းနှင့် လေကြောင်းလမ်းပြဂြိုဟ်တုစနစ်(အိုင်အာရ်အန်အက်စ်အက်စ်-၁-အီး) အမည်ရှိ ဂြိုဟ်တုကို အိန္ဒိယနိုင်ငံပိုင် အာကာသသုတေသနအဖွဲ့၏ ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ရေးဒုံးယာဉ်ဖြင့် တင်ဆောင်ကာပစ်လွှတ်ခြင်းဖြစ်သည်။

ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ရေးဒုံးယာဉ်ကို ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၁ မိနစ်တွင် လွှတ်တင်ခဲ့သည်။ အဆိုပါဂြိုဟ်တုကို နံနက် ၉ နာရီ မိနစ် ၅၀ ဝန်းကျင်တွင် အာကာသကမ္ဘာပတ်လမ်းကြောင်းတွင်းသို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း အမည်မဖော်သည့် အိန္ဒိယအထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အလေးချိန် ကီလိုဂရမ် ၁၅၀၀ ရှိ အိုင်အာရ်အန်အက်စ်အက်စ်-၁-အီး ဂြိုဟ်တုသည်အိန္ဒိယနိုင်ငံက လွှတ်တင်ထားသော စင်းရေ ခုနစ်လုံးပါ ဂြိုဟ်တုကွန်ရက်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစည်းမည်ဖြစ်သည်။ ယင်းဂြိုဟ်တုများကို အိန္ဒိယနိုင်ငံက ကမ္ဘာ့လမ်းပြမြေပုံစနစ်အရ လွှတ်တင်ထားသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ပထမဆုံးသော ရေကြောင်းနှင့် လေကြောင်းလမ်းပြ ဂြိုဟ်တုကို လွှတ်တင်ခဲ့သည်။ လွန်ခဲ့သည့်နှစ်အထိ ယင်းအမျိုးအစား ဂြိုဟ်တုလေးလုံးအထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွင်း၌ အလားတူဂြိုဟ်တု နှစ်လုံးကို လွှတ်တင်သွားမည်ဟု မျှော်လင့်ရသည်။

**ဆင်ဟွာ။**



# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး နည်းပညာနှင့် မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၀**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် International Growth Center (IGC) တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး နည်းပညာနှင့် မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ပြောင်းလဲလာသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအနေဖြင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိရေးအတွက် ဖွံ့ဖြိုးမှုအကူအညီများနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများမှ အကူအညီအထောက်အပံ့များ ရရှိရန်လိုကြောင်း၊ ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံ၊ သဘာဝဘေး၊ ရာသီဥတုပြောင်းလဲမှုများ အစရှိသည့် ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် ဝန်းကျင်ဖြစ်ရန်လိုကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်လျှောက်လှမ်းရမည့် လမ်းကြောင်းဖြစ်သည့်အတွက် မူဝါဒပိုင်းဆိုင်ရာစဉ်းစားချက်များနှင့် အကောင်အထည်ဖော်မည့် အစီအစဉ်များသည် လွတ်မြောက်ရေး လုပ်ငန်းစဉ်သာမက တိုင်းပြည်၏ ဖွံ့ဖြိုးမှု မဟာဗျူဟာအတွက် အရေးပါကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး မဟာဗျူဟာနှင့် မူဝါဒပိုင်းအတွက် အထောက်အပံ့ပြုနိုင်မည့် ရလဒ်ကောင်းများ ရရှိနိုင်ပြီး ပြောင်းလဲတိုးတက်သည့် ဖွံ့ဖြိုးမှုပုံစံကို ဖော်ဆောင်နိုင်မည့် မူဝါဒများချမှတ်နိုင်ရန် ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှု ဗဟိုဌာန အမှုဆောင်အရာရှိ ဒေါက်တာဇော်ဦးက မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး အစီရင်ခံစာ (မူကြမ်း)အား လည်းကောင်း၊ IGC နှင့် UNDP တို့မှ ကျွမ်းကျင်ပညာရှင်များက မူဝါဒနှင့် နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက စားပွဲဝိုင်းပုံစံဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ) (သတင်းစဉ်)**

# နေပြည်တော် အမျိုးသားစာကြည့်တိုက် တတိယဆောင် ယခုနှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော် အမျိုးသားစာကြည့်တိုက် တတိယဆောင်အား ယခုနှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ရန်ရည်မှန်းလုပ်ဆောင်နေကြောင်း၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) မှ သိရသည်။

နေပြည်တော်တွင် နိုင်ငံတော်အဆင့် အမျိုးသားစာကြည့်တိုက်ကို ၂၀၁၀ ပြည့်နှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၂၀၁၃ ခုနှစ် မေ ၃ ရက်တွင် အများပြည်သူအသုံးပြုနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဒုတိယအဆောင်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖွင့်လှစ်ပေးခဲ့ပြီး မကြာမီကာလအတွင်း တတိယဆောင်ကို ဆက်လက်ဖွင့်လှစ်မည်ဟု သိရသည်။



"နေပြည်တော် အမျိုးသားစာကြည့်တိုက်က ရန်ကုန်ကနေပြောင်းရွှေ့ဖွင့်လှစ်ထားတာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံအသစ်နဲ့ စာကြည့်တိုက်အသစ်ဖြစ်ပါတယ်။ ရန်ကုန်က စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားပါတယ်။ နေပြည်တော် အမျိုးသားစာကြည့်တိုက်ရဲ့ တတိယအဆောင်ကိုလည်း မကြာမီဖွင့်လှစ်နိုင်တော့မှာပါ။ စာကြည့်တိုက်ကြီးကို သမားရိုးကျ စာကြည့်တိုက်ကနေ ခေတ်မီအွန်လိုင်းစာကြည့်တိုက် ဖြစ်အောင်ဆောင်ရွက်နေပါတယ်။ Digital Library အဖြစ် ပြောင်းလဲဖို့ လုပ်ငန်းစဉ်တွေကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်" ဟု ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါက်တာကေသီထွေးက ပြောသည်။

လက်ရှိတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ရန်ကုန်မြို့ အမှတ် ၈၅ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ် ရန်ကင်းမြို့နယ်တွင် ဆက်လက်ဖွင့်လှစ်ထားပြီး နေပြည်တော် စာကြည့်တိုက်ကိုလည်း ရန်ကုန်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် မရှိကြောင်း သိရသည်။

နေပြည်တော် အမျိုးသားစာကြည့်တိုက်တွင် စာစုပေါင်း သုံးသိန်းနီးပါးရှိကာ အမျိုးသား စာကြည့်တိုက်ရန်ကုန်တွင် စာစုပေါင်း ခြောက်သိန်းကျော် ခုနှစ်သိန်းနီးပါး ထားရှိကာ အများပြည်သူကို ဝန်ဆောင်မှုပေးနေသည်ဟု သိရသည်။ အမျိုးသားစာကြည့်တိုက် ရန်ကုန်တွင် စာစုအားလုံး၏ Hard Copy နှင့် Soft Copy ရှိပြီး နေပြည်တော် အမျိုးသားစာကြည့်တိုက်တွင် Hard Copy တစ်စုံရှိကြောင်း သိရသည်။ နေပြည်တော် စာကြည့်တိုက်ဖွင့်လှစ်ရန် စီစဉ်ကတည်းကပင် စာစုပေါင်း ရှစ်သိန်းကျော်ကို ebook, periodicals များအဖြစ် ဖတ်ရှုနိုင်အောင် Mass Digitization လုပ်ငန်းကို နိုင်ငံတော်မှ ဘတ်ဂျက်ငွေ မြောက်မြားစွာအကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ကို အင်္ဂါနေ့မှ စနေနေ့ကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ဝန်ဆောင်မှုပေးနေပြီး စာကြည့်တိုက် အသုံးပြုလိုသူများကို ရုံးချိန်ပြင်ပတွင်လည်း သတင်းအချက်အလက် ရယူလိုမှုနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရသည်။ **(၀၀၁)**

# အသွင်သစ်နှင့် ဇန်နဝါရီလထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို လစဉ်ထုတ်ဝေလျက်ရှိသည်။




အသက် ၁၈နှစ်မှ ၂၅နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (ဇန်နဝါရီ) ကိုပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇန်နဝါရီလထုတ် သုတပဒေသာစာစောင်တွင် ဆရာသန့်လွင်ထွန်း၊ သန်းစော(စီပီအေ)၊ ဦးဟန်ညွှန့်(ဥပဒေ)၊ ဒေါက်တာခင်မောင်ညို၊ K.M.A တို့၏ "ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု" မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ ကြည်မင်း၊ စည်သူလှိုင်၊ ပြည်ကြီးတို့၏ အတွေးအခေါ်နှင့် နိုင်ငံတကာဆောင်းပါးများ၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်ရှင်း၊ သာလူရှည်၊ စည်သူဒေါက်တာခင်မောင်ညွှန့်၊ သောင်းထိုက်ဦး (သယံဇာတ ကျွန်းကြီး)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများကို ရောင်စုံ ဖြူ/မည်းသရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံမှ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ကနီမြို့အဝင်ရှိ ရေဝါချောင်း ချောင်းကူးတံတားအား မတ်လအတွင်းအပြီးတည်ဆောက်မည်

**ကနီ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကနီ-ချောင်းမ-မုံရွာ ကားလမ်းမပေါ်ရှိ ကနီမြို့အဝင်တွင် ရေဝါချောင်း ချောင်းကူးတံတားကို တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂)မှ ဆောက်လုပ်လျက်ရှိပြီး တံတားတည်ဆောက်မှုမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

"အခု ဒီတံတားဆောက်လုပ်နေတဲ့ ရေဝါချောင်းက ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော်ဝေးကွာတဲ့ မဟူရီးမတောင်တန်းကနေ အဖျားခံပြီး အရှိန်အဟုန်နဲ့ စီးဆင်းလာတဲ့အတွက် မိုးရာသီမိုးများရွာသွန်းချိန်မှာ ချောင်းရေတွေ ကျဆင်းလာတဲ့အခါ မြို့နယ်အတွင်းက ပြည်သူတွေ ခရီးသွားလာရန် အလွန်ခက်ခဲပြီး ချောင်းရေကျဆင်းလာတဲ့အခါ ကားများ၊ ဆိုင်ကယ်စတဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်တွေ ချောင်းကို ကူးရန်ခက်ခဲသလို မြို့အနီးအနားကနေ မြို့ပေါ်ကို ကျောင်းသွားတက်ရတဲ့ ကျောင်းသား ကျောင်းသူလေးတွေပါ ကျောင်းတက်သွားလာရန် ခက်ခဲရပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ဒီရေဝါချောင်းတံတားကို ၂၀၁၅ ခုနှစ် ဇူလိုင်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ပါတယ်။ ဒီရေဝါချောင်းတံတားမှာ ပေ ၁၄၄၀ အရှည်ကို ဘေလီတံတားဖြစ်ပြီး ရေလယ်တိုင် ၁၉ တိုင်နဲ့ ကမ်းကပ်ခုံနှစ်ခုံ တည်ဆောက်ပြီးစီးပြီး အခုရေလယ်တိုင်များပေါ်တွင် ဘေလီဘောင်များ တပ်ဆင်ခြင်း ပြီးစီးတော့မှာဖြစ်လို့ Steel Decking တပ်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခု တံတားတစ်စင်းလုံးအနေနဲ့ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး လာမည့်မတ်လအတွင်း အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၂) ရေဝါချောင်းတံတား တည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**သန်းဋ္ဌေးအောင်(ကနီ)**




# ဆေးပညာသတင်းဆန်းများ (၁၂၂)

ဒေါက်တာကံညွှန့်

ကင်ဆာရောဂါကုထုံးထဲမှာ အရေးကြီးဆုံးတစ်ခုဖြစ်တဲ့ ခွဲစိတ်မှု ဆောင်ရွက်ရာမှာ ခွဲနေစဉ်အတွင်းမှာပဲ အနီးအနားမှာရှိတဲ့ Lymph Node တွေကို ကင်ဆာဆဲလ်ပျံ့နေခြင်းရှိ၊ မရှိ သိနိုင်မယ့် New Molecular Imaging Technology တစ်ခုကို တီထွင်လိုက်ကြပါပြီ။ ဒီနည်းပညာကို Enlight လို့ အမည်ပေးထားပြီး ဒီနည်းပညာက CLI လို့ အတိုကောက်ခေါ်တဲ့ Cerenkov Luminescence lmaging ကို အခြေခံထားတာဖြစ်ပါတယ်။

ယခင်က ဒီစမ်းသပ်မှုမျိုးမှာ အသုံးပြုခဲ့တဲ့ PET ခေါ်တဲ့ Positron Emission Tomography နည်းပညာရဲ့ နောက်ဆက်တွဲ ပေါ်ထွက်လာတဲ့ နည်းဖြစ်ပါတယ်။ PET နဲ့ ကွာခြားတာကတော့ PET က မခွဲစိတ်ခင်နဲ့ ခွဲစိတ်ပြီးအချိန်တွေမှာ ကင်ဆာဆဲလ် ပျံ့နှံ့နေပုံတွေကို ထင်ရှားစွာမြင်ရတာ ဖြစ်ပြီး ယခု CLI နည်းပညာကတော့ ခွဲစိတ်နေစဉ် နီးစပ်ရာနေရာတွေမှာ ကင်ဆာ Cells ရှိ၊ မရှိ သိနိုင်မှာဖြစ်တဲ့ ခွဲစိတ်ဆရာဝန်တွေအတွက် ပိုမို အထောက်အကူပြုမယ့် နည်းပညာတစ်ခုဖြစ်မယ်လို့ ဆိုပါတယ်။ လူနာအနေ ဖြင့်လည်း နှစ်ခါပြန်ခွဲရတဲ့အဖြစ်မျိုး မဖြစ်နိုင်တော့ဘူးလို့ သိရကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ နှလုံးပျက်စီးသွားသူ (Heart Failure Patients)တွေအတွက် ဆေးကောင်း တစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပြီ ဆိုတဲ့သတင်းပါ။ ဒီဆေးနာမည်က Omecamtiv Mecarbil ဆိုတဲ့ ဆေးဖြစ် ပါတယ်။ ဒီဆေးကို ထုတ်လုပ်တဲ့ ဆေးကုမ္ပဏီတွေကတော့ Cytokinetics နှင့် Amgen တို့ပဲဖြစ်ပါတယ်။ သူတို့ဟာ ဒီလိုနှလုံးရောဂါဖြစ်နေတဲ့ ဝေဒနာရှင် ၄၄၈ ဦးကို နောက်ဆုံးအကြိမ် စမ်းသပ်မှုအနေနဲ့ ပေးခဲ့ကြတာ ဖြစ်ပြီး တချို့ကို 50 milligram၊ တချို့ကို 25 milligram တစ်ရက်မှာ နှစ်ကြိမ်နှုန်းနှင့် တချို့ကို ဒီဆေးမပေးဘဲ ဗီတာမင်ရိုးရိုးသာပေးပြီး ရက်သတ္တပတ် ၂၀ စောင့်ကြည့်ခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးပေးတဲ့အုပ်စုမှာ ရောဂါလက္ခဏာသက်သာလာပြီး ဗီတာမင်ဆေးပြားသာ ပေးခဲ့ကြတဲ့အုပ်စုမှာ



ရောဂါမသက်သာဘူးလို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Orlando မြို့မှာ ကျင်းပတဲ့ American Heart Association ရဲ့ နှစ်ပတ်လည် အစည်းအဝေးကြီးမှာ တင်ပြခဲ့ကြတာဖြစ်ပါတယ်။ ဒီဆေးပေါ်လာတဲ့အတွက် နှလုံးပျက်စီးတဲ့ရောဂါဖြစ်နေသူတွေအတွက် ဝမ်းသာစရာသတင်းအဖြစ် တင်ပြ လိုက်ရပါတယ်။



ယခုဖော်ပြလိုတဲ့သတင်းကတော့ ကလေးမိခင်တွေအတွက် ဝမ်းသာစရာ သတင်းပါ။ ကလေးမွေးပြီး နို့တိုက်တဲ့ မိခင်တွေဟာ ကလေးမမွေး၊ နို့မတိုက် ဖူးတဲ့ မိခင်တွေထက် ကင်ဆာ၊ နှလုံးရောဂါစတဲ့ အမျိုးသမီးတွေသေဆုံးရတဲ့ အကြောင်းတွေက ပိုမိုကင်းလွတ်နိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကို တော့ လန်ဒန် Imperial Collage (LIC)က ဆေးပညာရှင်တွေ ပြုလုပ်ခဲ့ကြ တာဖြစ်ပါတယ်။ သူတို့က UK, France,Germany,Sweeden အပါအဝင် နိုင်ငံ ၁၀ နိုင်ငံတို့က အသက်(၅၀)ဝန်းကျင် အမျိုးသမီးပေါင်း ၃၂၂၉၇၂ ဦး ကို ၁၃ နှစ်ကြာ လေ့လာခဲ့ကြတာဖြစ်ပါတယ်။

သူတို့လေ့လာမှုအချိန်အတွင်း အမျိုးသမီးပေါင်း ၁၄၃၈၃ ဦး သေဆုံး ခဲ့ကြပြီး ဒီအထဲမှာ ၅၉၃၈ ဦးက ကင်ဆာအမျိုးမျိုး၊ ၂၄၀၄ ဦးက နှလုံးသွေး ကြောရောဂါတို့ကြောင့် သေဆုံးခဲ့ကြတယ်လို့ဆိုပါတယ်။ သူတို့ အဓိကထား လေ့လာခဲ့ကြတာကတော့ ကလေးမွေးခြင်း၊ ကလေးနို့တိုက်ခြင်းအပါအဝင် Reproductive Factor ဟာ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ နှလုံး ရောဂါနှင့် လေဖြတ်ရောဂါတွေအပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိသလဲ အဓိကထားလေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့လေ့လာချက်အရ ကလေး မွေးတဲ့မိခင်တစ်ဦးဟာ မမွေးဖူးတဲ့မိခင်တစ်ဦးထက် ဖော်ပြပါ ရောဂါတွေခံစား ရဖို့ ၂၀ ရာခိုင်နှုန်းလျော့နည်းနိုင်ပြီး မိခင်နို့တိုက်ကျွေးသူတွေဟာ မတိုက်ဖူးသူ တွေထက် ရင်သား၊ သားအိမ်ကင်ဆာဖြစ်ဖို့ ရှစ်ရာခိုင်နှုန်း လျော့နည်းနိုင်တယ်လို့ ဆိုကြောင်း တင်ပြလိုက်ပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ သွေးမတိတ်၊ သွေးထွက်လွန် ရောဂါတစ်မျိုးဖြစ်တဲ့ Haemophilia A ရောဂါတစ်မျိုးကို ကုသနိုင်ဖို့ ဆေးကောင်းတခုကို အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက အတည်ပြုပေး လိုက်ပြီဆိုတဲ့သတင်းပါ။ ဒီဆေးနာမည်က Adynovate ဖြစ်ပြီး ဒီဆေးကို ထုတ်လုပ်တဲ့ဆေးကုမ္ပဏီက Baxalta ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီကုမ္ပဏီကပဲ နဂိုက ဒီရောဂါကုဖို့ထုတ်ထားတဲ့ Advate ဆိုတဲ့ဆေးထက် ယခုထုတ်လုပ် လိုက်တဲ့ Adynovate ဆေးကပိုပြီး ထိရောက်တဲ့ အာနိသင်ရှိတယ်လို့ ဆိုပါတယ်။ ဒီဆေးကို နောက်ဆုံးအဆင့် စမ်းသပ်တဲ့အနေနဲ့ ဒီရောဂါရှင် ၁၃၇ ဦးကို စမ်းသပ်တဲ့အခါ သွေးထွက်ခြင်းကို ထိရောက်စွာတားနိုင်ကြောင်း တွေ့ရတယ်လို့ဆိုပါတယ်။ Haemophilia ရောဂါဟာ သွေးခဲနိုင်တဲ့ ဓာတ်ချို့ တဲ့မှုကြောင့်ဖြစ်ရပြီး ဒီရောဂါမျိုးခံစားရသူ ၁၀ ဦးမှာ ခုနစ်ဦးခန့်ဟာ ဒီလို ပြင်းထန်တဲ့သွေးထွက်မှုမျိုး ခံစားရတတ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီဆေးပေါ်လာတာဟာ ဒီဝေဒနာရှင်တွေအတွက် အထူးအကျိုးသက်ရောက် မှုရှိကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ လူတွေအများအပြားမှာရှိတတ်တဲ့ တုတ်ကောင် (Tapeworm)တစ်မျိုးဟာ ကိုယ်ခံအားနည်းတဲ့ လူတချို့မှာ ကင်ဆာရောဂါလို အကျိတ်မျိုးဖြစ်တာကို တွေ့ရှိရတယ်ဆိုတဲ့ သတင်းပါ။ ဒီသတင်းကိုတော့ US Centers for Disease Control and Prevention (CDC) အဖွဲ့ကြီးက ထုတ်ပြန်လိုက်တာပါ။ Hymenolepsis ခေါ်တဲ့ တုတ်ကောင်ကြောင့် ဖြစ်ပေါ်လာတဲ့ Cancer ရောဂါတစ်မျိုးဟာ လူတွေမှာ ဖြစ်ပေါ်တာကိုတွေ့ရတယ် လို့ဆိုပါတယ်။ အသက်(၄၁)နှစ်အရွယ်ရှိ HIV ရောဂါရှိနေသူတစ်ဦးမှာ ဒီကင်ဆာကျိတ်ကို တွေ့ရတာဖြစ်တယ်လို့ New England Journal of Medicine မှာ ဖော်ပြထားပါတယ်။

ဒီတွေ့ရှိမှုမျိုးကို ၂၀၁၃ ခုနှစ်မှာ တစ်ကြိမ် ကိုလံဘီယာနိုင်ငံမှာ တွေ့ရှိခဲ့ တယ်လို့ဆိုပါတယ်။ ဒါပေမယ့် သေချာစမ်းသပ်မှုမပြုလုပ်ခဲ့ရဘူးလို့ ဆိုပါ တယ်။ ယခုဖြစ်တဲ့ ကင်ဆာဟာ Tapeworm ကြောင့်ဖြစ်တဲ့ကင်ဆာရောဂါ ဖြစ်ပြီး ဒီကင်ဆာကိုပဲ Tapeworm ရောဂါဖြစ်သူကို ကုသရာမှာအသုံးပြုတဲ့ ဆေးနဲ့လည်း ထိရောက်စွာမကုသနိုင်ဘဲ ကင်ဆာဆေးတချို့နဲ့သာ ထိရောက်စွာ ကုသနိုင်တယ်လို့ဆိုပါတယ်။ ဒီကင်ဆာဟာ Tapeworm ရောဂါရှိပြီး ကိုယ်ခံအားကျနေသူတွေ၊ ဥပမာ HIV ဖြစ်နေသူတွေ၊ Steroid ဆေးတာရှည် သုံးစွဲသူတွေမှာသာ ဖြစ်နိုင်တယ်လို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်လိုက်တဲ့သတင်းတစ်ခုပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၂၀၀၀ ပြည့်နှစ်က စပြီး Measles And Rubella Initiative အဖွဲ့ကို ဖွဲ့စည်းပြီး ကလေးပေါင်း နှစ်ဘီလီယံကို ၂၀၀၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကာကွယ်ဆေးထိုးပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလို ကာကွယ်ဆေးထိုးပေးခဲ့လို့ ကလေး ပေါင်း ၁၇ သန်းရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့တယ်လို့ဆိုပါတယ်။ အာဖရိက ဒေသတစ်ခုတည်းမှာပင် ၂၀၁၃ ခုနှစ်က ကလေးပေါင်း ၁၇၁၀၀၀ ရဲ့ အသက်ဆုံးရှုံးခဲ့ရတာဟာ ၂၀၁၄ ခုနှစ်မှာ ၇၄၀၀၀ ခန့်သာ ဆုံးရှုံးရတော့တယ်လို့ ဆိုပါတယ်။

ဒီအဖွဲ့ကြီးဟာ အာဖရိကနိုင်ငံတွေ၊ မြေထဲပင်လယ်နိုင်ငံတွေနဲ့ အရှေ့ တောင်အာရှက ဆင်းရဲတဲ့နိုင်ငံတွေကို ဦးစားပေးထိုးပေးခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ဒေသကြီးခြောက်ခုထဲက လေးခုမှာ ဒီကာကွယ်ဆေးထိုးပေးတဲ့လုပ်ငန်းကို သက်ဆိုင်ရာနိုင်ငံအစိုးရတွေ နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့တာကြောင့် ယခုလို Measle,Rubella (ဝက်သက် ဂျိုက်သိုး)ရောဂါတွေ အဖြစ်နည်းသွားပြီး ဒီရောဂါတွေကြောင့် သေဆုံးမှု ကျဆင်းသွားခဲ့တာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။



# မန္တလေးမြို့တွင်းရှိ ရေသန့်စက်ရုံ ၁၀ ရုံကျော် ဒုတိယအကြိမ် ရှောင်တခင်စစ်ဆေး
# ၂၀၁၅ ခုနှစ်တွင် စစ်ဆေးတွေ့ရှိချက်များကို ဇန်နဝါရီ စတုတ္ထအပတ်တွင် ထုတ်ပြန်မည်

**မန္တလေး ဇန်နဝါရီ ၂၀**

မန္တလေးမြို့ရှိ ရေသန့်ဈေးကွက်အတွင်းသို့ စံနှုန်း မမီသော မှတ်ပုံတင်ထားခြင်းမရှိသည့်ရေသန့်များ ဖြန့်ဝေ ရောင်းချမှုများ တားမြစ်ဖမ်းဆီးအရေးယူနိုင်ရန် ဇန်နဝါရီ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"စားသုံးသူတွေ ဘေးအန္တရာယ်မဖြစ်အောင် ထုတ်လုပ်မှုကျင့်စဉ် GNP နဲ့ ညီ၊ မညီ၊ သတ်မှတ်စံနှုန်း အတိုင်း ကောင်းမွန်စွာထုတ်လုပ်ခြင်း ရှိ၊ မရှိကို စစ်ဆေး တဲ့ စက်ရုံကထုတ်တဲ့ရေကို နမူနာယူပြီး စစ်ဆေးတယ်။ စစ်ဆေးစဉ် FDA ထောက်ခံချက်၊ စည်ပင်လိုင်စင်၊ စက်မှုလုပ်ငန်းလိုင်စင်ရှိ၊ မရှိကို စစ်ဆေးပါတယ်။ မရှိရင် လုပ်ငန်းကို ယာယီပိတ်သိမ်းမယ်၊ နောက် စစ်ဆေးချက် အဖြေထွက်လာတဲ့အပေါ် အရေးယူဆောင်ရွက်သွားမှာ ပါ" ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရေသန့် ထုတ်လုပ်ရောင်းချခြင်းနှင့် ဆီထုတ်လုပ်ရောင်းချခြင်းကို အဓိကထား စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ရေသန့်စက်ရုံ ၁၁ ရုံကို စစ်ဆေးခဲ့ရာ နှစ်ရုံတွင် သတ်မှတ်ချက်နှင့် ကိုက်ညီခဲ့ပြီး ကျန် ကိုးရုံကို သောက်သုံးရန် မသင့်ဟု ထုတ်ပြန်ချက်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ စတုတ္ထအပတ်တွင် ထုတ်ပြန်မည် ဖြစ်သည်။

"ပထမအကြိမ် စစ်ဆေးမှုမှာ စက်ရုံနှစ်ရုံက မှတ်ပုံ တင်ထားတာ မရှိပေမယ့် စံချိန်ညီတယ်။ အဲဒီ စက်ရုံ နှစ်ခုကို FDA ထောက်ခံချက်ရရှိဖို့၊ စည်ပင်လိုင်စင်နဲ့ စက်မှုလုပ်ငန်းလိုင်စင်လုပ်ဖို့ ပြောပြပေးသွားမယ်။ GNP နဲ့ ညီအောင်ထုတ်လုပ်ဖို့ ကူညီပေးသွားမှာပါ" ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကျော်က ပြောသည်။

ပထမအကြိမ် စစ်ဆေးမှုရလဒ်အတိုင်း စံနှုန်းအတိုင်း မညီသည့်စက်ရုံများအား လုပ်ငန်းပိတ်သိမ်းအရေးယူသွား မည်ဖြစ်ကြောင်း၊ အရေးယူမှုကို မလိုက်နာဘဲ ဆက်လက် လုပ်ကိုင်မှုများရှိလာပါက ချိတ်ပိတ်မည်ဖြစ်ပြီး နောက်ဆုံး တွင် တရားဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလက မန္တလေးစက်မှုဇုန်ရှိ ရေသန့်စက်ရုံ ၁၁ ရုံကို စစ်ဆေးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မန္တလေးမြို့တွင်းနှင့် စက်မှုဇုန်ရှိ ရေသန့်စက်ရုံ ၁၀ ရုံကျော်ကို စစ်ဆေးခဲ့သည်။ မန္တလေး တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်က စစ်ဆေး ချက်ရလဒ် ထုတ်ပြန်ပြီးပါက မန္တလေးမြို့နှင့် အနီးဝန်းကျင် နယ်မြို့များသို့ ရှောင်တခင်သွားရောက်စစ်ဆေးသွား မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၃၀)ကို ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်ကျင်းပရာ ဥပဒေတစ်ခု မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် **အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၃၀)**ကို ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ပါ သီးသန့်ရန်ပုံငွေမှ ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀)**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၄ ဦးက ဆွေးနွေးကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ ကျင်းပစဉ်။**
(သတင်းစဉ်)

**မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက** စီမံကိန်းအကောင်အထည်ဖော်ရန် လုံလောက်သည့် အခွန်ဘဏ္ဍာငွေရရှိနိုင်ရန်အတွက် အသေးစား၊ အလတ်စားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလာစေရန်နှင့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရန် အရေးကြီးပါကြောင်း၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံလုပ်ငန်းစဉ်အဖြစ် ကျင့်သုံးပြီး အကြီးစားစီးပွားရေးလုပ်ငန်းအဆင့်အထိ တက်လှမ်းနိုင်ရေးအတွက် မျှော်မှန်းရန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၁-၂၀၃၀)၏ အနှစ်ချုပ်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အစပျိုးဆောင်ရွက်ရမည့် စီးပွားရေးပုံသဏ္ဌာန်အသွင်ကူးပြောင်းမှုဆိုင်ရာ အခြေခံသဘောတရားများကို ချမှတ်၍ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ မဟာဗျူဟာဖြစ်သည့် စီးပွားရေးပုံသဏ္ဌာန် အသွင်ကူးပြောင်းမှု မူဘောင်ဖော်ပြချက်တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်ချက်များကို ရှင်းလင်းစွာ ဖော်ပြခဲ့ပါကြောင်း။

အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ ရည်မှန်းချက်မှာ ကမ္ဘာ့အသိုက်အဝန်းသို့ ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံဖြစ်ပေါ်ရေးဖြစ်ပါကြောင်း၊ ကာလရှည်ရည်မှန်းချက်နှစ်ရပ်မှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးဖြစ်ပေါ်ရေးနှင့် ပြည်သူတစ်ရပ်လုံးရရှိခံစားနိုင်မည့် တိုးတက်မှုဖြစ်ပေါ်စေရေးဖြစ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ပါဝင်သည့် အမျိုးသားနိုင်ငံထူထောင်ရေးကို ဖော်ညွှန်းထားပါကြောင်း။

ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် တိုးတက်မှုနှင့် စီးပွားရေးပုံသဏ္ဌာန်အသွင်ကူးပြောင်းမှုများနှင့် ကာလရှည် ရည်မှန်းချက်များရရှိစေရန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာ (၇)ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုမဟာဗျူဟာ(၇)ရပ်မှာ အစိုးရအဖွဲ့အစည်းများနှင့် အုပ်ချုပ်ရေးစနစ် ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း၊ စီးပွားရေးပတ်ဝန်းကျင်ကောင်းနှင့် အခြေခိုင်မာသည့် စီးပွားရေးလုပ်ငန်းဖန်တီးခြင်း၊ ပြည်တွင်း ပြည်ပဆိုင်ရာ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ခြင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကဏ္ဍများကို အားပေးမြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပစီးပွားရေးအလားအလာကောင်းများ ဖန်တီးပေးခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်းနှင့် ဆင်းရဲမှုလျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြစ်ပါကြောင်း။

ယခုတင်ပြခဲ့သည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၃၀)မှာ အိမ်နီးချင်းနိုင်ငံများ၏ အမျိုးသားအဆင့် ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် အလားသဏ္ဌာန်တူသည့် စံသတ်မှတ်ချက်များကို အသုံးပြု၍ အဓိကကျသည့် မဟာဗျူဟာမြောက်အကျိုးကျေးဇူးများကို ဖော်ပြရေးဆွဲထားသည့် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁-၂၀၃၀)**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လမ်းတံတားဖြတ်သန်းခကောက်ခံခြင်း၊ တန်ပိုစည်းကမ်းထိန်းသိမ်းခြင်းနှင့် တန်ပိုတင်ဆောင်ခကောက်ခံခြင်းတို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၂)ခုအတည်ပြုခြင်းနှင့် အစီရင်ခံစာ(၁) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ၏ **ကယားပြည်နယ်အတွင်းရှိ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးသော ပြည်ထောင်စုလမ်းမကြီးအား ပြည်သူများရေရှည်ပုံမှန်ခရီးသွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရေး စသည်တို့အတွက် လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းတံတားဖြတ်သန်းခနှင့် တန်ပိုတင်ဆောင်ခကောက်ခံခြင်းတို့အား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့်က ကယားပြည်နယ်အတွင်းရှိ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးသော ပြည်ထောင်စုလမ်းမကြီးများကို နှစ်စဉ်ရရှိသည့် ရန်ပုံငွေများဖြင့် ဘဏ္ဍာနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၌ ကတ္တရာထပ်ပိုးလွှာ ၂ မိုင်၊ ၃ ဒသမ ၅ ဖာလုံခင်းခြင်း၊ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း ၄ မိုင် ၁ ဖာလုံ၊ ၂၄ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း ၅ မိုင်၊ ကျောက်စီရေမြောင်း ၃ မိုင် ၇ ဖာလုံတည်ဆောက်ခြင်း၊ တံတားနှင့်ရေပြွန် ၇၃ စင်း တည်ဆောက်ခြင်းနှင့် ကျောက်စီမြေထိန်းနံရံ ၁ ခု တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အတူ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၌ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း ၈ မိုင် ၂ ဒသမ ၅ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၁ မိုင် ၇ ဖာလုံ၊ ကျောက်စီမြေထိန်းနံရံ ၂၁ ခုတည်ဆောက်ခြင်း၊ တံတားနှင့်ရေပြွန် ၉၃ စင်း တည်ဆောက်ခြင်း၊ ကတ္တရာထပ်ပိုးလွှာ ၂ မိုင်ခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာ ၂ မိုင် ၄ ဖာလုံလောင်းခြင်း၊ ယာဉ်အကာအကွယ်တန်း ပေ ၂၅၃၀ တပ်ဆင်ခြင်း



**ဒုတိယဝန်ကြီး ဦးစိုးတင့်။**



**ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးနှင်းဝေ။**

တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဖားဆောင်း-မယ်ဆည့်နန်-မယ်စဲ့-နန့်မန်းလမ်း၌ ၁၈ ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း ၂၃ မိုင်၊ တံတားနှင့်ရေပြွန် ၆ စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေများ လျာထားတင်ပြ တောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လမ်းတံတားဖြတ်သန်းခကောက်ခံခြင်း၊ တန်ပိုစည်းကမ်းထိန်းသိမ်းခြင်းနှင့် တန်ပိုတင်ဆောင်ခကောက်ခံခြင်းတို့ကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောင်ပန်း-ပင်လောင်း-မိုးပြဲ-လွိုင်ကော်လမ်း မိုင်တိုင်အမှတ် (၈၉/၀)နှင့် (၈၉/၁)ကြား လင်ဖုံလေးစခန်းတွင် တန်ပိုစည်းကမ်းထိန်းသိမ်းရေးဂိတ်ဖွင့်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းနှင့် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းတို့အတွက် လမ်းဆုံဖြစ်သော ဒီမောဆိုမြို့နယ်အတွင်းတွင် လမ်းတံတားကောက်ခံရေးစခန်းဖွင့်လှစ်ရန် ဆောင်ရွက်ထားပါကြောင်း၊ ဖားဆောင်း-မယ်ဆည့်နန်-မယ်စဲ့-နန့်မန်းလမ်းအတွက် သံလွင်တံတား (ဖားဆောင်း)အနီးတွင် လမ်းတံတားဖြတ်သန်းခနှင့် တန်ပိုစည်းကမ်းထိန်းသိမ်းရေးဂိတ်များ ဖွင့်လှစ်နိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **အင်ဂျင်နီယာမိခင်သမိုင်းဝင် အင်းစိန် G.T.I ပြန်လည်အသက်ဝင်ရှင်သန်ရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဇော်မင်းအောင်က ယင်းကိစ္စနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်သို့ ဖြေကြားပြီးနောက်ပိုင်း ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားမှုအခြေအနေများမှာ အဆိုပါကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများအနက်မှ ပင်မဆောင်တစ်ခုကို လွှဲပြောင်း လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အင်းစိန် G.T.I ပင်မဆောင်၌ G.T.I သင်တန်းများ၊ ရုံးလုပ်ငန်းအတတ်ပညာသင်တန်းများ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာသင်တန်း၊ အခြားအသက်မွေးပညာဆိုင်ရာ သင်တန်းသစ်များ အစရှိသည့် ပုံမှန်သင်တန်းများအပြင် ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်းအဆင့်ဆင့်နှင့်အညီ ကာလတိုသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားရန် ညှိနှိုင်းလျက်ရှိပါကြောင်း။

ထို့ပြင် နှစ်ပေါင်း ၁၂၀ သက်တမ်းရှိပြီဖြစ်သော အင်းစိန် G.T.I အဆောက်အအုံအား ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံအဖြစ် မှတ်တမ်းတင်ထားရှိနိုင်ရေးအတွက် ရန်ကုန်မြို့၏ မြို့ပြအမွေအနှစ်စာရင်းဝင် အမွေအနှစ်အပြာရောင်ကမ္ပည်းပြားကို AGTI Society အသင်းက တပ်ဆင်မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများ**ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့နောက် **အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**ကို ကော်မတီဝင် ဦးဌေးမောင်က လွှတ်တော်သို့ဖတ်ကြားတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းအစီအရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**※ သက်စွန့်ဆံဖျားမှ**

Facebook လူမှုကွန်ရက်မှပင် တစ်ဆင့်ပြန်လည်ဝေမျှသူ ၈၃၅ ဦးအထိ ရှိခဲ့သည်။

ထိုသို့ အန္တရာယ်အများဆုံးနှင့် အခက်ခဲဆုံးအပိုင်းဖြစ်သည့် ဓာတ်အားလိုင်းတည်ဆောက်နေသော လျှပ်စစ်လုပ်သားများ၏ ဆောင်ရွက်နေပုံသည် ကျေးလက်ဒေသများ အလျင်အမြန်ဖွံ့ဖြိုးစေရန် အရေးကြီး အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် "လျှပ်စစ်မီး" လိုအပ်မှုအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်နေကြခြင်းပင်။

"မြန်မာပြည်ကြီး ကောင်းဖို့အတွက် မိမိအသက်တောင် စတေးရဲတယ်ဗျာ။ လေးစားပါတယ်။ လျှပ်စစ်လုပ်သားကြီးများ ခင်ဗျာ"ဟု KO Hine အမည်ဖြင့် facebook သုံးစွဲထားသူက မှတ်ချက်ပြုထားသည်ကိုလည်း ဖတ်ရသည်။

ယခင်က ရေစီးသန်သော သံလွင်မြစ်ပြင်ကို ဖြတ်သန်း၍ လျှပ်စစ်ဓာတ်အားပေးနိုင်မှုမရှိသောကြောင့် ချောင်းဆုံဒေသရှိ ကျေးရွာပေါင်း ၁၁ ရွာမှ မီးသုံးစွဲသူ ၁၄၇၀ အား 500 KVA မီးစက်ဖြင့် တစ်ရက်လျှင် ၄ နာရီခန့်သာ မီးပေးနိုင်ခဲ့သည်။ အဆိုပါဒေသများသည် လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲခွင့်မရရှိမှုကြောင့် ရေစီးသန်သော မြစ်ပြင်ကိုငေး၍ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများအပါအဝင် ဖွံ့ဖြိုးသင့်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးသင့်သလောက် ဖွံ့ဖြိုးခဲ့မည်မဟုတ်ပေ။

**တောင်တွေ့လျှင်ကျော်၊ မြစ်တွေ့လျှင်ဖြတ်မည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများသည် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် ၂၀၁၄ ခုနှစ် ဇွန်လမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်က သံလွင်တံတား (ချောင်းဆုံ)နှင့် အတ္တရံတံတား(ချောင်းနှစ်ခွ)တို့အား စစ်ဆေးသည့် ခရီးစဉ်တွင် မော်လမြိုင်-ချောင်းဆုံဒေသ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများအား ဆောလျင်စွာ ပြီးစီးအခုလို တည်ဆောက်ရေးလုပ်ငန်းတွေမှာ စွန့်စားလုပ်ဆောင်ရသလိုတောအထပ်ထပ်၊ တောင်အသွယ်သွယ်လည်း သွားရောက်တာဝန်ထမ်းဆောင်ရပါတယ်။ တစ်ခါတလေဆို မိုင်းခွဲဖျက်ဆီးလို့ ပျက်စီးသွားတဲ့ တာဝါတိုင်တွေကိုလည်း တောထဲအထိ သွားရောက်ပြုပြင်ကြရပါတယ်။ ကျွန်တော့်အဖေလည်း လျှပ်စစ်ဝန်ထမ်းတစ်ဦးပါ" ဟု ဓာတ်အားလိုင်းတည်ဆောက်နေသော လျှပ်စစ်လုပ်သားများ၏ အန္တရာယ်နှင့် အခက်အခဲများကို ပြောပြသည်။

ယခုအခါ ဇန်နဝါရီ ၁၈ ရက်မှစတင်၍ မော်လမြိုင်ခရိုင် ချောင်းဆုံမြို့ရှိ အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် သကူကနာရပ်ကွက်များ၊ ကုလားတို့ကျေးရွာ၊ မုကွဲကျေးရွာ၊ ရွာလွတ်ကျေးရွာ၊ ခရိုက်တစ်ကျေးရွာတို့ရှိ မီးသုံးစွဲသူ ၁၆၀၀ တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

"ကျွန်တော်တို့ လိုင်းကြိုးဆွဲတဲ့သူတွေအနေနဲ့ လုပ်ငန်းခွင်မှာ အန္တရာယ်ကင်းရှင်းဖို့အတွက် သတ်မှတ်ထားတဲ့ ခါးပတ်၊ ဖိုက်ဘာဦးထုပ်၊ လုပ်ငန်းခွင်သုံးလက်အိတ်နဲ့ ကြိုးတွေကို စနစ်တကျဝတ်ဆင်ပြီးမှ တိုင်ပေါ်တက်ရပါတယ်။ အဲဒါတွေ ပြည့်စုံမှု ရှိ၊ မရှိကိုလည်း ဆရာတွေကစစ်ဆေးပါတယ်။ အမြဲတမ်းသွယ်တန်းလုပ်ကိုင်နေတဲ့အတွက် လုပ်ငန်းကျွမ်းကျင်မှုရှိနေပါပြီ။ အမြင့်မှာတက်ပြီး လုပ်ငန်းဆောင်ရွက်ရတာကို မကြောက်တော့ပါဘူး။ ဒေသခံတွေ မီးရတော့မယ်ဆိုတဲ့အသိပဲ ရှိတယ်။ အများပြည်သူမီးလင်းရေးအတွက် သက်စွန့်ဆံဖျား ဆောင်ရွက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ကြောက်ရွံ့မှုမရှိဘဲ မီတာ ၉၀ ကျော် အမြင့်ရှိသည့် တာဝါတိုင်များပေါ်တက်ရောက်၍ လိုင်းကြိုးဆွဲသူ ဦးအောင်ကိုဦး (ကျွမ်းကျင်-၄)က ပြောသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ တည်ဆောက်ရာတွင် ခေတ်မီနည်းပညာများသုံးစွဲတည်ဆောက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် မြေပြင်ကွင်းဆင်း၍ ဓာတ်အားလိုင်း အူလမ်းကြောင်းရှာဖွေခြင်း၊ ရှာဖွေရရှိလာသော အူလမ်းကြောင်းအကြမ်းအား "ဂြိုဟ်တုစနစ်သုံး တိုင်းတာရေးပစ္စည်းများအားပို့လွှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်ဟု သိရသည်။

မော်လမြိုင်-ချောင်းဆုံဒေသ၏ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း မန်နေဂျာ ဦးသိန်းလွင်က "ကျွန်တော်ကမြန်မာနိုင်ငံမှာရှိတဲ့ ဧရာဝတီ၊ စစ်တောင်း၊ သံလွင် စတဲ့မြစ်ကူးတာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းတွေမှာ လုပ်ငန်းအတွေ့အကြုံ နှစ်(၃၀)ရှိပါပြီ။ အခု ဆောင်ရွက်ခဲ့တဲ့ မော်လမြိုင်- ချောင်းဆုံ မြစ်ပြင်က ကျယ်လွန်းတဲ့အတွက် ရေလယ်မှာ တိုင်တစ်တိုင်စိုက်ပြီးသွယ်တန်းခဲ့ရပါတယ်။ ပုံမှန်လူအင်အားနဲ့ လုပ်မယ်ဆိုရင် အချိန်အများကြီးပေးရမှာဖြစ်တဲ့အတွက် တန် ၃၀၀ ကရိန်းနဲ့ ကရိန်းသယ်မယ့် တန် ၁၂၀၀ ရှိ သင်္ဘောငှားပြီးဆောင်ရွက်ခဲ့ရပါတယ်။

"ကျွမ်းကျင်ဝန်ထမ်းအပါအဝင် ဝန်ထမ်း စုစုပေါင်း ၂၀၀ ကျော်အထိ အသုံးပြုခဲ့ရပါတယ်။ မြစ်လယ်မှာ တာဝါတိုင်စိုက်ထူပြီး သွယ်တန်းတဲ့ အတွေ့အကြုံက ပထမဆုံးဖြစ်ပါတယ်။ မြစ်တစ်ဖက်နဲ့တစ်ဖက်က ရေစီးနှုန်းနဲ့ အတိမ်အနက်က ကွာခြားတဲ့အတွက် ပုံမှန်သွယ်တန်းတာတွေထက် ပိုပြီးဂရုစိုက်ဆောင်ရွက်ခဲ့ရပါတယ်။

"ရေစီးသန်ပြီး ရေစီးကြောင်းတွေကို မတွက်ချက်နိုင်တာကြောင့် သင်္ဘောကို ရေလယ်မှာငြိမ်အောင် ကျောက်ဆူးနဲ့ ကျောက်တုံးကြီးတွေချပြီးဆောင်ရွက်ခဲ့ရပါတယ်။ ဒါက လုပ်ငန်းတစ်ခုလုံးမှာ ကျွန်တော့်တို့အတွက် အခက်အခဲဆုံးအပိုင်းဖြစ်ပါတယ်။ လုပ်ငန်းကို အချိန်မီပြီးစီးအောင် ကျွန်တော်တို့ လုပ်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ညွှန်ကြားချက်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ လုပ်ငန်းတစ်ခုလုံးကို မြန်မာအင်ဂျင်နီယာတွေပဲ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ဂုဏ်ယူစွာပြောပြသည်။

မကြာခင်အချိန်ကာလအတွင်း ချောင်းဆုံမြို့ ပတ်ဝန်းကျင်ဒေသများတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်တော့မည့်အပြင် ကျန်ရှိနေသေးသည့် ကျေးရွာပေါင်း ၃၅ ရွာမှ အိမ်ခြေ ၁၅၀၀၀ ခန့်အား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်။

ကျွန်တော် ငယ်ငယ်က မီးလာလျှင် အလွန်ပျော်သည်။ ယခု ကျွန်တော်







**နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားပေးနိုင်ရန် အသက်ကို ပဓာနမထား စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသည့် လျှပ်စစ်လုပ်သားကြီးများ၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။** (အပေါ်ပုံများ)

ရန် လမ်းညွှန်မှာကြားခဲ့ပြီး လျှပ်စစ်ဝန်ထမ်းများ၏ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုကြောင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ပြီးစီးခဲ့ပြီဖြစ်သည်။

မော်လမြိုင်-ချောင်းဆုံဒေသ၏ ဓာတ်အားလိုင်းစီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေသူတစ်ဦးဖြစ်သည့် ဒုတိယအင်ဂျင်နီယာချုပ်ဦးမျိုးနိုင်က "မြစ်ကျော်ဓာတ်အားလိုင်းသွယ်တန်းတဲ့ နည်းပညာနဲ့ အတွေ့အကြုံကို မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းအနေနဲ့ လွန်ခဲ့တဲ့ ၃၅ နှစ်ခန့်က ချောက်-ရန်ကုန် လိုင်းသွယ်တန်းချိန်မှာ ဧရာဝတီမြစ် ဖြတ်ကျော်ပြီး ရရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီလုပ်ငန်းဆောင်ရွက်တဲ့အခါမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းဖို့အတွက် ပလပ်တွေ၊ ခါးပတ်တွေ၊ ဖိုက်ဘာဦးထုပ်တွေ၊ ချည်လက်အိတ်တွေ၊ ဖိနပ်တွေပေးပါတယ်။ တာဝါတိုင်နဲ့ ဓာတ်အားလိုင်းကြိုးပေါ်တက်တဲ့ ကလေးတွေကတော့ ခါးပတ်နဲ့ ချိတ်ဆက်ပြီးမှ အလုပ်လုပ်ကြရပါတယ်။ လုပ်ငန်းကျွမ်းကျင်တဲ့ ကလေးတွေကိုပဲ လုပ်ခိုင်းတဲ့အတွက် လုပ်ငန်းခွင်မှာလည်း ထိခိုက်အန္တရာယ်ဖြစ်ပေါ်မှုမရှိခဲ့ပါဘူး။ သတ်မှတ်ချိန်အတွင်းမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။

မီတာ ၉၀ အမြင့်ရှိသည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း (သံလွင်မြစ်ကျော်) ကြိုးဆွဲလုပ်ငန်းအတွက် လုပ်ငန်းအဖွဲ့ (၆) ဖွဲ့မှ ဝန်ထမ်းအင်အား ၂၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် အလွယ်တကူ ဆောင်ရွက်ခဲ့နိုင်ခြင်းတော့မဟုတ်ပေ။

သာကေတမြို့တွင်နေထိုင်သူ လျှပ်စစ်ဝန်ထမ်း ကိုဖြိုးမောင်က " လျှပ်စစ်လိုင်းတွေပေါ် တက်ပြင်တဲ့သူတွေကို နားလည်ပေးပါ။ လျှပ်စစ်ဝန်ထမ်းတွေဟာ အသုံးပြု၍ ဓာတ်အားလိုင်းအူကြောင်း သတ်မှတ်ခြင်း၊ ရေမြေအနေအထား ပေါ်မူတည်၍ ဓာတ်အားလိုင်းအမျိုးအစား ရွေးချယ်နိုင်ရန်အတွက် PLS Tower နည်းပညာအသုံးပြုကာ တာဝါတိုင်ဒီဇိုင်းပြုလုပ်ခြင်း၊ အမှန်တကယ် တည်ဆောက်ပါက ဖြစ်ပေါ်လာနိုင်သည့် ဓာတ်အားလိုင်းအခြေအနေကို သိရှိနိုင်ရန်အတွက် PLS Cadd နည်းပညာအသုံးပြု၍ Google Earth မြေပုံပေါ်တွင် ပုံစံငယ်ဆောက်၍စိစစ်ခြင်း၊ တာဝါတိုင်များဆောက်လုပ်ပြီးစီးပါက ဓာတ်အားလိုင်းတည်ဆောက်ခြင်း၏ အခက်အခဲဆုံးအပိုင်းဖြစ်သည့် တန်ပေါင်းရာချီသော ဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်းဆောင်ရွက်ရသည်။ ကြိုးဆွဲခြင်းလုပ်ငန်းများပြီးစီးပါက ဓာတ်အားခွဲရုံများနှင့် ချိတ်ဆက်ကာ ဓာတ်မော်လမြိုင်-ချောင်းဆုံဒေသရှိ ဒေသခံတို့၏ ပုံရိပ်များအား မြင်အောင်ကြည့်နေသည်။ ကလေး၊ လူငယ်၊ လူကြီး၊ အဘိုး၊ အဘွားအားလုံး "မီးလာပြီ. . ဟေ့၊ မီးလာပြီ. . ဟေ့"ဟု ပထမဆုံးအကြိမ်အဖြစ် အားပါးတရလက်ခုပ်တီးပြီး အော်ဟစ်နေကြပေမည်။ အနာဂတ်တွင် တောက်ပလာမည့် မြန်မာနိုင်ငံ၏ အလင်းရောင်များနှင့် ဖွံ့ဖြိုးမှုခြေလှမ်းများကို ကျွန်တော်တို့တွေ့မြင်ရတော့မည်။

ထိုသို့ အလင်းရောင်များ ဖြာဝေအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မြစ်ဖြတ်ကျော် လျှပ်စစ်ဝန်ထမ်းများအပါအဝင် လျှပ်စစ်လုပ်သားအားလုံးကို ဂုဏ်ယူအလေးပြုမိပါတော့သည်။

# ကွမ်းခြံကုန်း၌ မြစိမ်းရောင်အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်ပြည်သူများ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် နိုင်ငံတော်မှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးသော မြစိမ်းရောင်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာသုံးရွာနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာ စုစုပေါင်း ကျေးရွာ ၁၃ ရွာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာ ၁၃ ရွာမှ မြစိမ်းရောင်လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းအတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များ၊ ရှေ့ဆက်ဆောင်ရွက်လိုသည့်လုပ်ငန်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှု အကြံပြုချက်များ ရရှိနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ဒုတိယပတ်က ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ အစည်းအဝေးသို့ မြို့နယ်မြစိမ်းရောင် စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာများမှ အထောက်အကူပြုအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြစိမ်းရောင်ကျေးရွာကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**သရဖီ(ကွမ်းခြံကုန်း)**

## ပြည်တွင်းရေးရာ

❒ **ကျောဖုံးမှ**

"ကျွန်တော်တို့ ဇန်နဝါရီ ၁၉ ရက်ပါ ရက်စွဲနဲ့ မီဒီယာသို့ ထုတ်ပြန်ချက်ဆိုပြီး အင်္ဂလိပ်-မြန်မာနှစ်ဘာသာနဲ့ ထုတ်ပြန်ပြီးပါပြီ။ မီဒီယာရှင်းလင်းပွဲပုံစံမျိုးနဲ့ ခုထိတော့ လုပ်ဖို့မရှိသေးပါဘူး။ ရှိလာခဲ့ရင် အသိပေးပါမယ်" ဟု Jason Sai က ဆိုသည်။

MYANMAR CARLSBERG CO.,LTD. အနေဖြင့် "တူးပို့"အမည်ဖြင့် ဈေးကွက်အတွင်း စာလုံးပေါင်းသုံးစွဲနေမှုများကို ယခုအချိန်မှ စတင်၍ လိုအပ်သော ပြုပြင်ပြောင်းလဲမှုများအား လုပ်ဆောင်မည်ဖြစ်ပြီး မကြာခင်ကျရောက်လာမည့် မြန်မာ့ရိုးရာအတာသင်္ကြန်(ဧပြီလ) မတိုင်မီ ပြီးစီးသွားနိုင်ရန် ဆောင်ရွက်ကြိုးပမ်းမည်ဖြစ်ကြောင်း MYANMAR CARLSBERG CO.,LTD. သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထိုသို့ကုမ္ပဏီမှ တူးပို့စာသားသုံးစွဲမှုအား ရပ်တန့်မည်ဟု အွန်လိုင်းမှ ထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍ မြို့မငြိမ်း၏ သားဖြစ်သူ ဂီတမျူးဆရာ ဦးရွှန်းမြိုင်က "၁၉ ရက်နေ့ညက ထုတ်ပြန်ကြေညာထားတာ တွေ့ရပါတယ်။ တူးပို့ဆိုတဲ့ စာသားကို လက်ရှိအသုံးပြုနေတဲ့ ဘီယာဘူးတွေ၊ ပုလင်းတွေကနေ ဖြုတ်ပေးမယ်လို့ အွန်လိုင်းကနေ အသိပေးထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒါက မီဒီယာကို အသိပေးတာပဲဖြစ်ပါတယ်။ မိသားစုကိုတရားဝင်ပြောတာ မဟုတ်ဘူး။ တကယ်ဆို ကုမ္ပဏီက မိသားစုကို တရားဝင်လာရောက်တွေ့ဆုံ အကြောင်းကြား အသိပေးဖို့ လိုအပ်သလို မိသားစုရဲ့ဆန္ဒသဘောထားကိုလည်း မေးမြန်းဖို့လိုပါတယ်"ဟု ပြောသည်။

Tuborg Beer သည် ၁၈၇၅ ခုနှစ်တွင် စတင်ချက်လုပ်ပြီး ယခုဖြစ်စဉ်များကြောင့် Tuborg Beer ၏ ထုပ်ပိုးမှုတွင် "တူးပို့"ဟု မြန်မာအမည် စာသားသုံးစွဲထားခြင်းကို ရပ်တန့်သွားမည် ဖြစ်ကြောင်း MYANMAR CARLSBERG CO.,LTD. မှ မီဒီယာသို့ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မန္တလေးမြို့ခံ ဆရာဆူးငှက်ကလည်း "တူးပို့စာသားသုံးစွဲမှုကို အခုလို ရပ်တန့်မယ်လို့ ထုတ်ပြန်တာကို ဝမ်းသာစွာကြိုဆိုပါတယ်။ ဒါပေမယ့် ဒီနာမည်ကို အသုံးပြုဖို့အတွက် ဆရာမြို့မငြိမ်းရဲ့အိမ်ကို ကုမ္ပဏီကကိုယ်တိုင်သွားရောက်ပြီး ဆွေးနွေးခဲ့ပေမယ့် အခုရပ်စဲမယ့်အကြောင်းကို မီဒီယာတွေကိုပဲ အသိပေး ကြေညာထားပြီး ကာယကံရှင်မိသားစုကို တရားဝင်သွားရောက်ပြောကြားခြင်း မရှိခဲ့ပါဘူး။ တကယ်ဆို ဒီနာမည်ကို မသုံးစွဲတော့တဲ့အကြောင်းကို ကိုယ်တိုင်သွားရောက်ပြောဆိုပြီး ကာယကံရှင်မိသားစုရဲ့ ပြောစကားကိုလည်း နားထောင်သင့်တယ်လို့ ထင်ပါတယ်။ ဒါလေးတွေ ပြည့်စုံသွားရင်တော့ ပိုကောင်းတာပေါ့ဗျာ"ဟု ပြောသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

❍ **ကျေးရွာများအနီးမှ**

ကွန်ဂျီဆင် သုံးကောင်ဖြင့် အဆိုပါဆင်အား မောင်းနှင်ခြင်းကို ဒေသခံများအကူအညီဖြင့် ယင်းနေ့ညပိုင်းအချိန်တွင် မောင်းနှင်လာခဲ့ရာ ဇန်နဝါရီ ၇ ရက်တွင် ထိုတောဆင်ရိုင်းသည် လူသန့်ကျေးရွာအနီးသို့ ပြန်လည်ရောက်ရှိသွားပြန်သဖြင့် ဇန်နဝါရီ ၈ ရက်တွင် သစ်ထုတ်လုပ်ရေးဝန်ထမ်းအင်အားထပ်တိုးပြီး တောဆင်ရိုင်းအား မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့နောက် တောဆင်ရိုင်းနိုးထလာချိန်တွင် ကွန်ဂျီဆင် သုံးကောင်ဖြင့် ထိန်းသိမ်းခေါ်ဆောင်လာခဲ့ပြီး ဆယ်ဘီးတပ်ယာဉ်ပေါ်သို့ တင်ဆောင်ကာ သစ်တောဝန်ထမ်းများ၏ကြိုးကြပ်မှုဖြင့် မြောက်ဇာမရီကြိုးဝိုင်း မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ဆင်ရိုင်းအားစောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၄ ရက်ကလည်း မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သုံးဆင့်ကျေးရွာအနီး စံပယ်တောင်အရပ်တွင် အုပ်စုကွဲနေသော တောဆင်ရိုင်း ၁၄ ကောင်အား မကွေးခရိုင် သစ်တောဦးစီးဌာနနှင့် တောင်တွင်းကြီးသစ်ထုတ်လုပ်ရေးဒေသတို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည့် တောဆင်ရိုင်းမောင်းနှင်ရေးအဖွဲ့က ကွန်ဂျီဆင် ငါးကောင်ဖြင့် တပ်ကုန်းမြို့နယ် ငလိုက်ကြိုးဝိုင်းအတွင်းမှတစ်ဆင့် မူရင်းတောဒေသ စတုံကြိုးဝင်းအကွက်အမှတ် (၁၆၄)သို့ ဆက်လက်ရွှေ့ပြောင်း မောင်းနှင်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## "နွားနို့သောက်ကြစို့"

❖နွားနို့သောက်ပါ၊ ကိုယ်ခန္ဓာ
ကျန်းမာသန်စွမ်းမည်။
❖ခန္ဓာဖွံ့ဖြိုး၊ ဉာဏ်ရည်တိုး
အားကိုးလောက်ပေသည်။
❖ဝင်းလက်တောက်ပ၊ ရှုမဝ
လှပအသားအရေ။
❖ကျောင်းနေအရွယ်၊ ကလေးငယ်
တင့်တယ်စေဖို့၊ နို့တိုက်စို့။
နွားနို့သောက်လို့၊ ပျော်ကြစို့။ ။

**ပန်းတောင်းသန်းကြွယ်**

# စာသင်ပွဲကြီးမှသည် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွက်လာစေရန်ရည်ရွယ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၆ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်အလိုက် ဝါရင့်ဆရာဆရာမများက သင်ကြားပို့ချပေးသည့် စာသင်ပွဲကြီးကို Brand ကြက်ပေါင်းရည်မှ ကြီးမှူး၍ ဇန်နဝါရီ ၁၈ ရက်တွင် ဂန္ဓမာဂရင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာသင်ပွဲကို ကျင်းပရခြင်းနှင့်ပတ်သက်၍ ဘရင်းကြက်ပေါင်းရည် အထွေထွေမန်နေဂျာ မစ္စတာ သွန်းဝမ်းဆူပါ စဝက်က "လာမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေကို အောင်မြင်မှု အမြင့်ဆုံးနဲ့ အောင်ချက်အများဆုံးရရှိအောင် မြန်မာနိုင်ငံက အတော်ဆုံးဆရာဆရာမတွေကို စုစည်းပြီး စာအုပ်တွေ၊ စာသင်ပွဲကြီးတွေ ပြုလုပ်ပေးတာပါ။



မစ္စတာ သွန်းဝမ်းဆူပါစဝက်။



မအိရတနာနိုင်။



မောင်ကောင်းခန့်ကျော်။



စိုင်းစိုင်းခမ်းလှိုင်။

ဒီလိုလုပ်ပေးခြင်းအားဖြင့် ကလေးတွေရဲ့အရည်အသွေးကို တိုးတက်လာစေနိုင်မယ့်အပြင် တစ်ဖက်တစ်လမ်းကနေ မြန်မာနိုင်ငံရဲ့ ပညာရေးကိုလည်း အထောက်အကူပြုစေဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

၂၀၁၅ ခုနှစ် မြန်မာတစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရှင်ပထမဆု ရရှိအောင် ကြိုးစားလေ့လာခဲ့ပုံနှင့်ပတ်သက်၍ မအိရတနာနိုင်က "ကိုးတန်းစာမေးပွဲပြီး မတ်လပိုင်းကနေစပြီး ၁၀ တန်းစာတွေကို ကျက်မှတ်ခဲ့ပါတယ်။ အချိန်စာရင်းနဲ့ သတ်မှတ်ပြီးတော့ မကျက်မှတ်ခဲ့ပေမယ့် တစ်နေ့စာတစ်နေ့ပြီးအောင်လုပ်ခဲ့ပါတယ်။ ပြီးတော့ ဒီနေ့ သင်လိုက်တဲ့စာတွေကို ဒီနေ့ပြီးရမယ့်အတိုင်းအတာထိ ကျက်မှတ်သလို ဆရာ ဆရာမတွေသင်ပေးတာကိုလည်း ဂရုစိုက်ပြီး မှတ်ခဲ့ပါတယ်။ အဲလိုမှတ်ခြင်းက အိမ်ပြန်ရောက်ရင် စာကျက်ရတာသက်သာစေပါတယ်။ ဒီအချိန် ဇန်နဝါရီရောက်ပြီဆိုရင် ပြန်လည်လေ့ကျင့်ခန်းတွေ လုပ်ရတော့မှာပါ။ မြန်မာစာ၊ အင်္ဂလိပ်စာတွေအတွက် စာစီစာကုံးတို့၊ အက်ဆေးတို့ဖတ်တယ်။ မေးခွန်းဟောင်းတွေကိုလည်း ပြန်ပြီးတော့လေ့လာတယ်။ ဒီအချိန်ဆို စာအသစ်တွေတော့မရှိတော့ပေမယ့် စာအဟောင်းတွေကို ပြန်နွှေးနေရမယ့်အပြင် မေးလာနိုင်မယ့် မေးခွန်းတွေအတွက်လည်း ကြိုတင်ပြင်ဆင်ထားရတော့မှာပါ။ အဲလိုတွေလုပ်ခဲ့လို့လည်း ညီမအခု ဆေးတက္ကသိုလ်ကို တက်နေပါပြီ။ ညီမဖြစ်ချင်ခဲ့တဲ့ ဆရာဝန်တစ်ယောက်ဖြစ်လာအောင်ကြိုးစားသွားမှာပါ"။

စာသင်ပွဲကြီးသို့ တက်ရောက်ခဲ့သူ မောင်ကောင်းခန့်ကျော်[အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်သာ]က "ဒီစာသင်ပွဲကြီးက ဘာပဲပြောပြော ကောင်းပါတယ်။ ကျွန်တော်တို့ကျောင်းမှာမရှိတဲ့ စာအုပ်တွေကို တွေ့ရတယ်။ ဝါရင့်ဆရာဆရာမကြီးတွေက သင်ကြားပြသပေးတာဆိုတော့ ကျွန်တော်တို့အတွက် နားထောင်ရတာ၊ မှတ်ရတာလွယ်ကူပါတယ်။ ပြီးတော့ စာသင်ရတာ ပျော်ဖို့လည်းကောင်းပါတယ်။ ကျွန်တော့်ရည်မှန်းချက်က အမှတ်ကောင်းကောင်းနဲ့အောင်ပြီး အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်ပါတယ်"။

ရုပ်ရှင်သရုပ်ဆောင် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က "ဒီမှာလာတက်နေတဲ့ ကျောင်းသားတွေတင်မကပါဘူး၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသားတွေ အားလုံး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်နိုင်ပြီး အနာဂတ်ရည်မှန်းချက်များပြည့်ဝကြပါစေလို့ ဆုတောင်းပေးပါတယ်"။

အဆိုပါ စာသင်ပွဲကြီးကို မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင်၊ ဂုဏ်ထူး ဒေါ်စန်းမြင့်၊ အင်္ဂလိပ်စာ နေအုပ်စိန်ပေါလ်၊ ဂုဏ်ထူးဦးအောင်ခိုင်၊ သင်္ချာ ဒေါက်တာညီညီ၊ ဓာတုဗေဒ ဒေါ်ဆွေညွန့်လွင်၊ ဆရာ ဇော်လင်းအောင်၊ ရူပဗေဒ ပါမောက္ခ ဒေါက်တာထွန်းခင်၊ ဒေါက်တာ ဝင်းပပ၊ ဇီဝဗေဒ ဒေါက်တာဇီဝ(ဒေါက်တာ ညီညီနိုင်)၊ ဦးကိုကိုနိုင်၊ ဘောဂဗေဒ ဆရာကြီး စိုင်းစိန်မြင့်အောင်တို့က ဇန်နဝါရီ ၁၈ ရက်မှစတင်ကာ ၂၄ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ အဆိုပါစာသင်ပွဲကြီးသို့ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၀၀၀ နီးပါးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

❋ MNL မှ

ရခိုင်အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ်(၂)အပြီးတွင် ရာနှုန်းပြည့်နိုင်ပွဲရရှိထားသည့် အသင်းမှာ မကွေးတစ်သင်းသာရှိပြီး နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိသည်။ ရှမ်းယူနိုက်တက်၊ ရခိုင်၊ ဧယျာဝတီ၊ ရွှေမြေ၊ ရတနာပုံနှင့် ဟံသာဝတီအသင်းတို့က လေးမှတ်စီ၊ ဇွဲကပင်နှင့် Horizon အသင်းတို့က သုံးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းက တစ်မှတ်၊ ဧရာဝတီ၊ ရန်ကုန်နှင့် Southern အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ယခုတစ်ပတ်ပွဲစဉ်များတွင် ပရိသတ်စိတ်အဝင်စားဆုံးပွဲမှာ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမည့်ပွဲဖြစ်သည်။ နှစ်ပွဲဆက်ရှုံးနိမ့်ထားသလို ပွဲကျပ်ကာလကို စတင်ဖြတ်သန်းနေရပြီဖြစ်သည့် ရန်ကုန်အသင်းအနေဖြင့် အဝေးကွင်းတွင် ရှုံးပွဲဆက်မှုကို ရပ်တန့်နိုင်ရန် ခက်ခက်ခဲခဲ ကစားရမည်ဖြစ်သည်။ ထိပ်ဆုံးတွင် ဦးဆောင်နေသည့် မကွေးအသင်းမှာ ချင်းယူနိုက်တက်နှင့် ကစားရမည်ဖြစ်ပြီး အမှားမလုပ်မှသာ နိုင်ပွဲဆက်နိုင်မည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်**



၂၀၁၅ ရာသီ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ တွေ့ဆုံခဲ့စဉ်။

# BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲရန် ယာဉ်မောင်းများအား လစာဖြင့် ခန့်အပ်ခေါ်ယူနေ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့တော်တွင် BRT စနစ်ဖြင့် သီးသန့်အမြန်ဘတ်စ်ကားလိုင်း ပြေးဆွဲရန် ယာဉ်မောင်းများအား လစာဖြင့် ခန့်အပ်ခေါ်ယူလျက်ရှိကြောင်း ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီမှ သိရသည်။

ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် BRT ဘတ်စ်ကား အခြေပြုကာ ခရီးသည်အများအပြားကို သယ်ယူပို့ဆောင်ပေးနိုင်မည့် သီးသန့်အမြန်ယာဉ်လိုင်းစနစ်ပြေးဆွဲနိုင်ရန် အကောင်အထည်ဖော်လျက်ရှိရာ ယခုလအတွင်း စမ်းသပ်ပြေးဆွဲသွားရန်စီစဉ်နေပြီး လိုအပ်သော ယာဉ်မောင်းများကို လစာဖြင့် ခေါ်ယူခန့်အပ်နေသည်ဟု သိရသည်။

"လက်ရှိမှာ ယာဉ်မောင်းခန့်ပြီးတာ ၁၈ ဦးလောက် ရှိပါတယ်။ ပထမအသုတ်အနေနဲ့ဆိုရင်တော့ ၄၀ လောက် ခန့်ချင်တာပါ။ လာလျှောက်တဲ့သူက နည်းနေသေးတယ်။ ယာဉ်မောင်းတွေဟာ တစ်နေ့ကို အလုပ်ချိန် ရှစ်နာရီပဲ လုပ်ရမှာဖြစ်ပြီး တစ်ပတ်မှာ နားရက် တစ်ရက်ပေးမယ်။ အခြားခံစားခွင့်တွေရှိမယ်။ လူမှုဖူလုံကြေးသွင်းပေးမှာလည်းဖြစ်တယ်။

အခြေခံလစာက ကျပ် သုံးသိန်းဆိုသော်လည်း ခံစားခွင့်တွေနဲ့ဆိုရင် သုံးသိန်းခွဲ၊ လေးသိန်း လောက်ရမှာဖြစ်ပါတယ်။ ယာဉ်နောက်လိုက်မပါတော့ဘဲ ကတ်စနစ်နဲ့ ပုံသေနှုန်းဆောင်ရွက်မှာဖြစ်ပါတယ်"ဟု BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲနိုင်ရန် ဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်နေသူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေး ဒေါက်တာ မောင်အောင်က ပြောသည်။

BRT စနစ်ဖြင့် ဘတ်စ်ကား ပြေးဆွဲမှုတွင် ကနဦးအနေဖြင့် ယာဉ် ၆၅ စီးဖြင့် ပြေးဆွဲသွားရန် လျာထားပြီး စမ်းသပ်ပြေးဆွဲမှု အောင်မြင်မှုအပေါ်မူတည်၍ ပြည်ပမှ ဘတ်စ်ကားအသစ်များ မှာယူတင်သွင်းသွားမည်ဟု သိရသည်။ **(ဝဲပုံ)**

ယင်းကြောင့် ကျွမ်းကျင် ယာဉ်မောင်းများ လိုအပ်လျက်ရှိပြီး နိုင်ငံတကာကဲ့သို့ပင် တစ်နေ့လျှင် အလုပ်ချိန် ရှစ်နာရီသာ မောင်းနှင်ရမည်ဟု သိရသည်။

"ကျွန်တော်တို့ နေ့စဉ် အလုပ်ချိန်က နံနက် ၄ နာရီ၊ ၅ နာရီကနေ ည ၉ နာရီ၊ ၁၀ နာရီပါ။ ခေါက်ရေနဲ့ ပိုက်ဆံရတဲ့အပေါ်မူတည်ပြီး အလုပ်ချိန်က တစ်နေ့ကို ၁၅ နာရီ၊ ၁၆ နာရီ လောက်လုပ်ရတယ်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဆိုတာကလည်း သိတဲ့အတိုင်းပဲ ယာဉ်မောင်းဆိုရင် တစ်နေကုန်ထိုင်မောင်း၊ ယာဉ်နောက်လိုက်ဆိုလည်း ရပ်နေပဲဆိုတော့ တကယ်တော့ အလွန်ပင်ပန်းပါတယ်။

စားဝတ်နေရေးအတွက် လုပ်နေရတော့ နေ့တွက်ကျန်မှ၊ ခရီးသည်ရမှ အဆင်ပြေတယ်။ ကားလမ်းတွေ အလွန်ပိတ်တော့ တွက်ခြေမကိုက်တော့ဘူး။ တချို့လည်း နယ်ဝေးကားတွေ ပြောင်းမောင်းကြတယ်။ အငှားယာဉ်တွေ မောင်းတယ်။ အခု ဘတ်စ်ကားတွေမှာလည်း ယာဉ်မောင်းတွေလိုနေတော့ ယာဉ်နောက်လိုက်ကနေ ကားမောင်းသင်ပြီး ဝင်မောင်းနေတာတွေလည်း အများကြီးပဲ။ လောလောဆယ် BRT အတွက် ယာဉ်မောင်းတွေ လိုနေပေမယ့် ဘယ်လိုလာမယ် မသိသေးတော့ စောင့်ကြည့်ဦးမယ်"ဟု မထသ ၃၉ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ဆိုသည်။

လက်ရှိ ရန်ကုန်မြို့တွင် နေ့စဉ် ဘတ်စ်ကားပြေးဆွဲမှု လျော့ကျလျက်ရှိပြီး ယာဉ်ကြောပိတ်ဆို့နေမှုများကလည်း အဓိကအကြောင်းရင်း တစ်ခုတွင် ပါဝင်နေသည်ဟု သိရသည်။

BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမှုတွင် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့ကို လျာထားသတ်မှတ်ထားပြီး လမ်း၏ ညာဘက် အစွန်ဆုံးယာဉ်ကြောကို BRT စနစ် ဘတ်စ်ကား ပြေးဆွဲသွားလာနိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။ **ဆုနှင်းလဲ့**




ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ (ဇန်နဝါရီလ၊ ၂၀၁၆)
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီလ၊ ၂၀၁၆)

**ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက် (၅) နှစ်အရွယ် ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးပါ။**

World Health Organization unicef


## ဘုရားဖူးများအား အမြတ်ထုတ်သူများကို စိစစ်ကြပ်မတ်ရန်လိုလား

**ကျိုက်ထို ဇန်နဝါရီ ၂၀**

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ကျိုက်ထိုရှိ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားသို့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့တွင် ကျောင်းအားရက်၊ ရုံးအလုပ်ပိတ်ရက်များတွင် သွားရောက်ဖူးမြော်လေ့ရှိကြသည်။

ထိုလရာသီတွင် ကျိုက်ထီးရိုးဘုရားရင်ပြင်တော်တွင် ဘုရားဖူးများ ကြက်ပျံမကျအောင်စည်ကားမှုအပေါ် အခွင့်ကောင်းယူကာ ကုန်ဈေးနှုန်းများကို တိုးမြှင့်ရောင်းချခြင်းသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးချင်း စာနာမှုကင်းသော အပြုအမူများဖြစ်သလို သောက်ရေဈေးကြီးခြင်း၊ ရေအိမ်ခ ဈေးကြီးခြင်းများကို ကြုံတွေ့နေရသည်။

ထို့အတူ စာရေးသူ၏မိတ်ဆွေမိသားစု ကျိုက်ထီးရိုးဘုရားဖူးသွားကြရာ၌ "မီးရထားလက်မှတ် ဈေးနှုန်းသည်ကပ်ထားသည်က တစ်ဈေး၊ ဝယ်တော့တစ်ဈေးဖြစ်ပြီး လက်မှတ်ကကုန်ပြီ၊ ကြားဘူတာဝယ်ရတဲ့ လက်မှတ်ခကလည်း အဆမတန်ပေးရတယ်"ဟု မိတ်ဆွေမိသားစုက ပြောသည်။

ဘုရားဖူးကားများလည်း ပုံမှန် ကျပ် ၃၅၀၀ မှ ယခုကာလတွင် ကျပ် ၅၀၀၀ တိုးယူကြောင်း၊ ကျိုက်ထိုဘူတာမှ ကင်ပွန်းစခန်းသွားသော ကားခမှာလည်း ယခင် ကျပ် ၅၀၀ ကနေ ယခု ကျပ် ၁၀၀၀ တိုးယူကြောင်း ဘုရားဖူးပြန်လာသူများက ပြောသည်။

ဘုရားဖူးသွားပြည်သူတို့အား ဈေးနှုန်းတိုးတောင်းမှုများကို သက်ဆိုင်ရာက အရေးယူပြီး ပညာပေးတားဆီးသွားရန်လိုအပ်ပါကြောင်း။ ။ **(ရွှေတိုင်လွှင်)**

## မကွေးတိုင်းဒေသကြီး၌ ဆန်စပါးအထွက်နှုန်းကောင်းမွန်ပြီး ဒေသအနှံ့တင်ပို့လျက်ရှိ

**မကွေး ဇန်နဝါရီ ၂၀**

၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေး ရေကြီးနစ်မြုပ်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဆန်စပါးအထွက်နှုန်းများ သိသိသာသာ ကျဆင်းလိမ့်မည်ဟု ထင်မြင်ယူဆချက်များ ထွက်ပေါ်ခဲ့သော်လည်း စပါးစိုက်ဧကများ သိသိသာသာလျော့နည်းသွားခြင်းမရှိကြောင်း၊ ပျက်စီးသွားသော ရက်ရှည်စပါးမျိုး စိုက်ခင်းများနေရာတွင် သက်တမ်းတိုစပါးများ အချိန်မီဖြည့်ဆည်းစိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်များနည်းတူ ဆန်စပါးအထွက်နှုန်းများကောင်းမွန်ပြီး ဒေသအနှံ့ တင်ပို့ရောင်းချမှုများရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသတွင်း ဆန်စပါးဈေးကွက်မှ သိရသည်။

"ပြီးခဲ့တဲ့ မိုးစပါးစိုက်ရာသီမှာ တစ်တိုင်းလုံးစိုက်ဧက ၇၉၃၈၂၅ ဧက၊ တစ်ဧကအထွက်နှုန်း ၈၄ ဒသမ ၉၆ တင်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ထဲမှာ သဘာဝဘေးကြောင့် စိုးရိမ်မှုတွေရှိခဲ့ပေမယ့် သက်တမ်းတို ရက် ၉၀ စပါးမျိုးတွေ အချိန်မီထောက်ပံ့ပေးနိုင်တာရယ်၊ ရေကြီးမှုကကျန်ခဲ့တဲ့ နုန်းတင်မြေနုတွေက စပါးအတွက် အကျိုးပြုတဲ့မြေဩဇာတွေ ဖြစ်ခဲ့တာကြောင့် ဒီရာသီမှာ စပါးအထွက်နှုန်းတွေကောင်းခဲ့ပါတယ်။

စပါးစိုက်ဧက ၇၈၉၀၀၀ ရှိပြီး ရိတ်သိမ်းမှု မှတ်တမ်းတွေအရ တစ်ဧကအထွက်နှုန်း ၈၅ ဒသမ ၄၃ တင်းခန့်ထွက်ရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

စလင်း၊ ပွင့်ဖြူ ဒေသတွင် ဧရာပဒေသာကဲ့သို့ ရက်ပေါင်း ၁၅၀ ရှိ ရက်ရှည်စပါးမျိုးကို စိုက်ပျိုးလေ့ရှိပြီး သဘာဝဘေးနှင့်ကြုံတွေ့ပျက်စီးခဲ့ရာ စပါးစိုက်ပျိုးချိန် တစ်လခန့် နောက်ကျခဲ့သော်လည်း စပါးမျိုး၊ အိတ်ခွန်၊ သယ်ယူခ စုစုပေါင်း ငွေကျပ် ၃၈၈ သန်း ထောက်ပံ့မှုများရရှိခဲ့ခြင်းကြောင့် ရက် ၉၀ စပါးမျိုးများဖြစ်သည့် ဗီယက်နမ်၊ ဆင်းသုခ၊ မနောသုခ၊ ရတနာတိုးစပါးများ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ခဲ့သည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စပါးအထွက်နှုန်း ကျဆင်းမှုမရှိသောကြောင့် စလင်း၊ ပွင့်ဖြူမြို့နယ်များတွင် စပါးဈေးနှင့်အရောင်းအဝယ်များ ကောင်းမွန်နေပြီး ဒေသအနှံ့တင်ပို့ရောင်းချမြဲဖြစ်သည့် ကုန်စည်များမှာ ပုံမှန်စီးဆင်း လည်ပတ်လျက်ရှိသည်ဟု ဒေသခံများက ဆိုသည်။

"ကုန်သည်တစ်ယောက် ပို့ကုန်က တစ်ရက်အိတ် ၃၀၀ ကနေ ၅၀၀ ထိရှိတယ်။ တစ်ရက်ကုန်ကား ၁၀ စီးလောက် ဆန်တွေ တင်ပို့နေကြတယ်။ တစ်ရက်အိတ် ၅၀၀၀ လောက်၊ တန်နဲ့တွက်ရင် တန် ၂၀၀ ကျော်လောက် စလင်းဒေသတစ်ခုတည်းကနေ တင်ပို့နေတာကိုတွေ့ရတယ်။ စပါးတစ်တင်းဈေးက ဧရာပဒေသာ ကျပ် ၉၀၀၀၊ မနောသုခ ကျပ် ၇၀၀၀၊ ရတနာတိုး ကျပ် ၆၀၀၀ ဈေးပေါက်တယ်။ ပြီးခဲ့တဲ့တစ်ပတ်ကထက် တစ်တင်း ကျပ် ၅၀၀ လောက် ဈေးတက်သွားပါတယ်။

ဆန်ကတော့ ဒေသခံတွေအစားများတဲ့ မနောသုခက ကျပ် ၂၉၀၀၀၊ ပြည်တွင်းစားသုံးမှုနည်းပြီး တင်ပို့တာများတဲ့ ရတနာတိုးက ဒေသဈေး ကျပ် ၂၂၀၀၀၊ မူဆယ်ဈေး ကျပ် ၂၈၀၀၀၊ ဧရာပဒေသာအသစ်ဈေး ကျပ် ၃၉၀၀၀၊ အဟောင်း ကျပ် ၄၄၀၀၀၊ မကွေးလက်လီပေါက်ဈေး ကျပ် ၄၈၀၀၀ လို့ သိရပါတယ်။ မူဆယ်ထိ တိုက်ရိုက်ကားခက တစ်အိတ် ကျပ် ၅၀၀၀ ပေးရတယ်။ ပို့ဆောင်ရေးလုပ်ငန်းသမားတွေလည်း အဆင်ပြေတဲ့ အချိန်ပါ"ဟု စလင်းမြို့ ဒေသခံ ကိုစောက ပြောသည်။

ဆန်စပါးကို ယခင်က မန္တလေးမြို့အထိသာတင်ပို့မှုများရှိခဲ့ပြီး ဆက်သွယ်ရေးတိုးတက်ကျယ်ပြန့်လာမှုနှင့်အတူ မူဆယ်မြို့အထိ တိုက်ရိုက်တင်ပို့ရောင်းချမှုများ ရှိလာကြောင်း၊ ရွှေဘိုပေါ်ဆန်းနေရာတွင် အစားထိုး စားသုံးလာကြသည့် ဧရာပဒေသာဆန်ကို မန္တလေး၊ မူဆယ်အပြင် ကျောက်ပန်းတောင်း၊ မိတ္ထီလာဈေးကွက်တို့တွင် ဝယ်လိုအား မြင့်တက်လာမှုကြောင့် နေ့စဉ်နီးပါး တင်ပို့ပေးနေရကြောင်း၊ အညာကြိုက် အစားခံစပါးမျိုးဖြစ်သည့် မနောသုခဆန်ကိုမူ မကွေးဒေသတွင်း စားသုံးမှုများကြောင်း ဒေသတွင်း စပါးဈေးကွက်မှ သိရသည်။ **(အောက်ပုံ)**

**ဇေယျာတု(မကွေး)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယမန်နေ့ နံနက် ၉ နာရီက ကမ်းနားလမ်းနှင့် ကွမ်းခြံလမ်းဆုံတွင် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့အတွက် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေရဲစခန်း၊ တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ် အစီး ၁၀၀ နှင့် ယာဉ်မောင်း ၁၀၀ အား အသိပညာပေးဆောင်ရွက်ခဲ့ပြီး စည်းကမ်းနှင့်မညီညွတ်သည့် ယာဉ်မောင်း ၆၇ ဦးအား ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# ခေတ်ပေါ် ဒီဇိုင်းတွေနဲ့ အပျိုတော်အကကို တွဲဖက်ကနေမယ်ဆိုရင်တော့ ဒါဟာ အနုပညာကိုဖျက်ဆီးတာပဲ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ မူဖြစ်သည့် ပုဂံအက၊ အပျိုတော်အကများနှင့် စပ်လျဉ်း၍ စာနယ်ဇင်း ရှင်းလင်းခြင်းဆိုင်ရာ



ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာ့သမိုင်းစဉ်နှင့်ယှဉ်တွဲလျက် ပါဝင်လာသည့် မြန်မာအကသမိုင်းသည် ပျူခေတ်ကပင် ခိုင်မာအားကောင်းစွာ တည်ရှိခဲ့ပြီးဖြစ်သည်။ ယင်းခေတ်များမှ နံရံဆေးရေးပန်းချီများ၊ ရုပ်တုရုပ်ကြွင်းများ၊ စဉ့်ကွင်းများနှင့် ကျောက်စာများသည် ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုကောက်ကြောင်းများဖြစ်သည်နှင့်အညီ ယနေ့ခေတ်တွင် ပြန်လည်သုတေသနပြု ဖော်ထုတ်ထိန်းသိမ်းလိုသည့် အနေဖြင့် အဆိုပါ ရှင်းလင်းပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမှာ ပုဂံအကနဲ့ အပျိုတော်အကကို မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားတယ်ဆိုတာကို သိစေချင်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အနုပညာဦးစီးဌာနရဲ့မူဖြစ်တယ်လို့ သုံးထားတဲ့အတွက်ကြောင့် ဒီစကားလုံးက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနရဲ့ ကနည်းကဟန်မူကို ဆိုလိုခြင်းဖြစ်ပါတယ်။ မူပိုင်ခွင့်ကို ဆိုလိုတာ မဟုတ်ပါဘူး။ ကဟန်မူဆိုတာ အစဉ်အလာနဲ့ထိန်းသိမ်းတဲ့ ကနည်းကဟန်တွေရှိတယ်။ ဆင်ယင်မှုတွေရှိတယ်။ တီးလုံးတေးသွားနဲ့ တီးချက်တွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က ကဟန်မူအနေနဲ့ ရှင်းလင်းသရုပ်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။

ဒီမူလေးတွေကိုလည်း ကျွန်တော်တို့က ယဉ်ကျေးမှုဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲတင်မကဘဲနဲ့ ယဉ်ကျေးမှု၊ အနုပညာ တက္ကသိုလ်များ၊ အနုပညာအထက်တန်းကျောင်းများကို သင်ကြားဖြန့်ဝေလျက်ရှိသလို ပြင်ပက ဆက်စပ်နေတဲ့ အနုပညာ အဖွဲ့အစည်းတွေအပြင် တစ်တိုင်းပြည်လုံးမှာရှိတဲ့ အနုပညာရှင်များကလည်း ဒီမူများကို အသုံးပြုနိုင်ပါတယ်။

အသုံးပြုရင်လည်း ကျွန်တော်တို့က ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ လိုအပ်တာတွေရှိရင်လည်း ကူညီဖို့ အမြဲအဆင်သင့်ရှိကြောင်း ပြောချင်ပါတယ်"ဟု အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းမောင်က ပြောသည်။

ပုဂံခေတ်အကသည် ပုဂံခေတ်၏ ဝတ်စားဆင်ယင်မှုကို ယဉ်ကျေးမှုအစဉ်အလာမပျက် နံရံဆေးရေးပန်းချီများမှကိုးကား၍ ကကြိုးကကွက်များကို ဖန်တီးထားခြင်းဖြစ်သည်။

အပျိုတော်အကနှင့် ပတ်သက်၍ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (ရန်ကုန်) ဒေါ်နုနုစိန် ပါမောက္ခ ဌာနမှူး(ငြိမ်း)က "ကုန်းဘောင်ခေတ်ကနေစပြီးတော့ ပြည်သူလူထုထဲမှာ အပျိုတော်အက ထွန်းကားလာတယ်။ အပျိုတော်အကဆိုတာ ရုပ်သေးအမြင့်သဘင်ကနေ ဆင်းသက်လာကာ ဇာတ်သဘင်ထဲကို ရောက်လာပြီး ပွဲဦးဒုတိယညမှာ ကပြရတဲ့ အကပါ။ အပျိုတော်အကထဲမှာ သမားစင် ၁၂ ခန်းအကုန်ပါတဲ့အတွက်ကြောင့် သမ္ဘာရင့် ဝါရင့်တဲ့ မင်းသမီးကြီးတွေမှ ကနိုင်တယ်။

နတ်ကတော်အကကျတော့ ပွဲဦးပထမညမှာ ကပြရတာ။ ဒါကြောင့် ဝိဝါဒကွဲပြားနေတဲ့ အပျိုတော်အကနဲ့ နတ်ကတော်အကက ကွဲပြားပါတယ်"ဟု ပြောသည်။

၎င်းက ဆက်လက်၍ "မူတစ်ခုကို ထိန်းသိမ်းတယ်ဆိုတာ အကောင်းဆုံးပဲ။ ပြည်ပကိုရောက်ခဲ့တဲ့အခါ တချို့နိုင်ငံတွေမှာ ရိုးရာအကဆိုတာမရှိတော့ သူများနိုင်ငံက အကကိုကြည့်ပြီး အားကျတဲ့အခါ လိုက်လုပ်ကြတယ်။ ကျွန်မတို့နိုင်ငံမှာက ကိုယ့်မူ၊ ကိုယ့်ဟန်၊ ကိုယ့်အနုပညာရှိတယ်။ စာပေ အထောက်အထားတွေရှိတယ်။ ဇာတ်သဘင်ပညာရှင်တွေရှိတယ်။ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေရှိတယ်။ ဒါတွေကို ဖော်ထုတ်ပြီး ပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်နေတဲ့အချိန်မှာ ခေတ်ပေါ် ဒီဇိုင်းတွေနဲ့ အပျိုတော်အကကို တွဲဖက်ကနေမယ်ဆိုရင်တော့ ဒါဟာ အနုပညာကိုဖျက်ဆီးပြီး ဆွမ်းဆန်ထဲကြွက်ချေးရောတာပဲ။ ဒါကိုတော့ လုံးဝလက်မခံနိုင်တဲ့အပြင် ဇာတ်တွေ၊ အငြိမ့်တွေမှာလည်း ကပြီဟေ့ဆိုရင် တကယ့်အစစ်အမှန်ကိုပဲ ကစေချင်တယ်။ ရောထွေးတဲ့အကမျိုးတွေ မကစေချင်ဘူး။ တီထွင်ဆန်းသစ်တာဆိုပေမယ့် တကယ့်ရိုးရာယဉ်ကျေးမှု အစစ်အမှန်ကိုသာ ထိန်းသိမ်းပြီး လုပ်ဆောင်ဖို့သင့်ပါတယ်"ဟု ပြောသည်။

ဦးရန်နိုင်ဦး ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)အနုပညာဦးစီးဌာနက "ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကို သူများတွေသိသွားမယ်ဆိုရင်တော့ ကောင်းပါတယ်။ မဆီလျော်တဲ့ အခမ်းအနားတွေ၊ အနုပညာတွေမှာ နောက်ပြီး ခြေခြေမြစ်မြစ်မရှိတဲ့ နေရာတွေမှာတော့ မသုံးစေချင်ဘူး။ အနုပညာဆိုတာ သုံးလေပြန့်ပွားလေပါ။ ကိုယ့်တစ်မျိုးသားလုံးအတွက် တစ်နိုင်ငံလုံးအတွက် ဆိုတော့ ပြန့်ပွားလေ ကောင်းလေပါပဲ။

"ဒါပေမယ့် သူရဲ့မူပိုင်ခွင့်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ၊ ဥပဒေတွေအတိုင်း လိုက်နာမယ်ဆိုရင်တော့ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့ဘက်ကတော့ မသင့်လျော်တာတွေ့ရင် ထောက်ပြပြီး တတ်နိုင်သမျှ ဆောင်ရွက်သွားမယ်"ဟု ပြောသည်။

သဘင်အစည်းအရုံးအမှုဆောင်အဖွဲ့(ဗဟို)မှ ဦးမိုးဝင်းက "နိုင်ငံတော်ရဲ့မူဆိုတာ ရှိတာကောင်းပါတယ်။ ဒါပေမယ့် မူဆိုတာနဲ့ပတ်သက်ပြီး တစ်ဦးနဲ့တစ်ဦး ကွဲလွဲတာလေးတွေ တော့ရှိပါတယ်။ ပုဂံခေတ်အကဆိုရင် သဘောကျတယ်။ ကကွက်တွေက အရင်ထက်ပိုပြီးလှပတယ်။ အပျိုတော်အကဆိုရင် အရင်က ၄၅ မိနစ်ကြာ ကပြရတာ၊ အခု အပျိုတော်ကကွက်တွေက အချိန်အနည်းငယ် ရတဲ့ပွဲတွေမှာဆို ကပြပေးနိုင်တာမို့ ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သဘင်ဘက်ကလည်း ကြိုက်ရင်ယူပြီး ကမှာပါ။ ဒါပေမယ့် တစ်ဖက်မှာလည်း ကိုယ်ပိုင်တီထွင်ထားတဲ့ ကကွက်တွေလည်းရှိတော့ ဒီမူအတိုင်းလည်း ကလို့ရမယ်ဆိုလို့ ဝမ်းသာပါတယ်။ ကိုယ်ပိုင်ကကွက်တွေနဲ့လည်း ကခွင့်ရတယ်ဆိုတဲ့အတွက်ကြောင့်လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အားလုံးပူးပေါင်းပြီး ဆွေးနွေးလုပ်ဆောင်သွားကြမယ်ဆိုရင်တော့ အနာဂတ်မှာ ပိုကောင်းမွန်တဲ့ စံတွေရလာမယ်လို့ မျှော်လင့်တယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် စာနယ်ဇင်း ရှင်းလင်းပွဲ၌ အနုပညာရှင်များက ပုဂံအက၊ အပျိုတော်အကဖြင့် သရုပ်ပြခြင်း၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)မှ ကျောင်းသူလေးများက မြန်မာအက အခြေခံကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဇာတ်သဘင်မှ အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် စာနယ်ဇင်းအသီးသီးမှ သတင်းသမားများ တက်ရောက်ခဲ့ကြသည်။

**သတင်း-သီသီမင်း၊ ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**


# နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေ လှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့


## ပြည်ထောင်စုမောင်/မယ်၊ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၆ ခုနှစ် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုမောင်မယ်၊ ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အမျိုးသားကာယဗလမောင်ပြိုင်ပွဲတွင် ကိုယ်အလေးချိန် ကီလို ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှင့် ၇၅ ကီလိုအထက်ဟူ၍ ခြောက်တန်းခွဲခြားထားပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အရပ် ၁၆၀ စင်တီမီတာအောက်နှင့် ၁၆၀ စင်တီမီတာနှင့် အထက်ဟူ၍ နှစ်တန်းခွဲခြားထားကာ အတန်းလိုက်ပြိုင်ပွဲများတွင် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုတံခွန်စိုက်ပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့ကြသော လက်ရွေးစင်များကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ဘဲ ပြည်ထောင်စုမောင်မယ်ပြိုင်ပွဲတွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် ဖုန်း ၀၉-၅၀၄၆၉၂၃ နှင့် အမှုဆောင် ဦးကျော်စိန်သန်း ဖုန်း ၀၉-၄၅၀၀၂၅၈၆၈ သို့ ပတ်စပို့ဓာတ်ပုံ တစ်ပုံနှင့်အတူ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကိုယ်အလေးချိန်၊ အရပ်တိုင်းခြင်းနှင့် အတန်းခွဲခြားစိစစ်ခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တော်စည်ပင်အားကစားစခန်းရှိ အဖွဲ့ချုပ် လက်ရွေးစင်လေ့ကျင့်ရေးစခန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မြွေကိုက်ခံရပါက စနစ်တကျရှေးဦးပြုစုခြင်း ပညာပေးနှိုးဆော်

မြွေဆိုးကိုက်သောအခါ မေးရိုးရှိကြွက်သားများက အဆိပ်အိတ်ကို ဖိနှိပ်သဖြင့် ဆေးထိုးအပ်ဖြင့်ထိုးသွင်းသကဲ့သို့ အဆိပ်များသည် ကိုက်သည့်နေရာအတွင်းသို့ ဝင်သွားပါသည်။ ကြွက်သားဖိအားဖြင့် ထိုးသွင်းခံရသော အဆိပ်ကို ပြန်ထုတ်ယူရန်မလွယ်ပါ။ မြွေဆိပ်သည် ကိုက်သောနေရာမှ ကိုယ်ခန္ဓာတစ်ခုလုံးသို့ သွေးပြန်ကြောငယ်များ၊ သားငံရည်ကြောငယ်များမှ ပျံ့နှံ့ပါသည်။ ထိုအကြောများကို အနည်းငယ်ဖိရုံမျှဖြင့် သွေးစီးခြင်းကို ရပ်တန့်စေနိုင်သဖြင့် -

၁။ မြွေကိုက်ခံရသည့်နေရာကို သန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွ သုတ်ပါ။ အားဖြင့်ဖိမပွတ်ရ။ အလွယ်တကူရနိုင်လျှင် ရေဖြင့်ဆေးပါ။
၂။ အလျား(၃) လက်မ၊ အနံ(၃)လက်မ၊ အထူ(၁) လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ(သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ရော်ဘာရေမြှုပ်စ တစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။
၃။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင်မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။
၄။ အဝတ်ခေါက်၏ အပေါ်တွင် ပတ်တီး (သို့မဟုတ်) အဝတ်စ (သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံ၊ တင်းရုံ (ခြေဆစ်၊ လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ)စည်းပါ။
၅။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း၊ (သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ (သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍စည်းပါ။ ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့်အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။
၆။ ခြေတစ်ချောင်းလုံးကို မီသောတုတ်ချောင်းမရနိုင်ပါက ဝါးခြမ်းနှစ်ခု သုံးခုကိုသင့်လျော်သလို ဆက်၍သုံးပါ။
၇။ လူနာကို လှုပ်ရှားမှုလုံးဝမပြုစေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရမည်။
၈။ ဖြစ်နိုင်ပါက မြွေသေကိုတစ်ပါတည်းယူဆောင်လာပါ။ ကိုက်သောမြွေကိုသိရှိပါက မှန်ကန်တိကျသော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူပြုသည်။

**မြွေကိုက်ခံရပါက အောက်ပါတို့ကို ရှောင်ကြဉ်ရမည်။**

၁။ ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း
၂။ လူနာကို အရက်တိုက်ခြင်း
၃။ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း
၄။ မြွေမြီးကိုဖြတ်၍မျိုခြင်း
၅။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေ၊ လက်များ ပုပ်တတ်ခြင်းအပြင် ကြိုးဖြတ်လိုက်ပါက အဆိပ်ပျံ့နှံ့မှုကို လျင်မြန်စေသည်။
၆။ လူနာကို လမ်းလျှောက်ခြင်း၊ လှုပ်ရှားစေခြင်းမပြုရပါ၊ လက်တွင်မြွေကိုက်ခံထားရသူပင်ဖြစ်စေ လှုပ်ရှားမှုကြောင့် အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့်ဖြစ်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁ - ၁ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၈း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၉း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၀း၃၅ | အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ် |
| ၁၁း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂း၅၀ | "လူမှန်နေရာမှန်"(အပိုင်း-၄) |
| ၁း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇၂) |
| ၁း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၅၂) |
| ၂း၃၀ | ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "ကတ်ရောဂါ" |
| ၄း၃၅ | Football မဂ္ဂဇင်း |
| ၅း၁၅ | Weekly Sports Info |
| ၅း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း- ၅၃) |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း - နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ ဆု" (အပိုင်း-၇၃) -ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ် |
| ၅း၄၀ | "အနှစ်ထမ်းပြီး ပြန်ကြပါ" တရားတော် [ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လဇောတိ (ခိုနားရာဆရာတော်)] |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၀ | Food & Decor |
| ၁၁း၅၀ | MRTV-4 Stage |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၂) |
| ၃း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၇၈) |
| ၄း၀၅ | Cartoon Series (English Playground) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၇၉) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၃) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၁၀၂) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၂) |
| ၁၀း၃၅ | World of Knowledge (Arab Treasure Ship) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၀ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၄၅ | မျိုးချစ်တပ်မတော် |
| ၆း၅၀ | မှတ်တမ်း |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၂၀ | အမျိုးသားရေးတေးကဗျာ |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | ရွှေပေါင်းသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈း၅၅ | လျှပ်တစ်ပြက် |
| ၄း၀၂ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | အဖွင့်သီချင်း |
| ၄း၀၈ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ဗီစီဒီကျော်ကြားတေး |
| ၄း၅၀ | မွေးမြူသုတ |
| ၅း၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၁၁၀) |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ အပိုင်း(၆၀) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင်မောင်ချစ်သူလေဒီ ဒီဖိုင်နာ အပိုင်း(၂၃) |

## mitv

| | |
|---|---|
| 07:26 | Unique Pattern Of Myanma... A Trend Of Chin Traditional Dress |
| 08:26 | Exquisite Myanmar Silk |
| 08:45 | Famous Pagodas of Sagaing |
| 08:53 | Young Artist: Maw Thu Da Nu |
| 09:26 | The Art of Making Glaze Ware |
| 09:44 | Changes |
| 10:27 | Travelogue: A Tour in Korea (Ep-4) |
| 10:39 | On the River |
| 07:26 | Travel To The Southern Part of Shan State (Kalaw) |
| 07:44 | Myanmar Betels |
| 08:26 | Myanmar Masterclass: Artist Win Pe |
| 08:39 | Sticky Shan Snack |
| 08:45 | Chef Life "Thit Htoo" |

# အရေးအကြောင်းတွေပေါ်လာတယ်ဆိုရင်လည်း ဝမ်းသာပါတယ်လို့ဆိုလာတဲ့ ကင်မ်တေဟီး



တောင်ကိုရီးယားရဲ့ အလှဆုံးမင်းသမီးတစ်ဦးရယ်လို့ သတ်မှတ်ခံရတဲ့ ကင်မ်တေဟီးက သူ့ရဲ့မျက်နှာပေါ်မှာ အရေးအကြောင်းတွေပေါ်လာပြီလို့ပြောဆိုကြတဲ့အပေါ် တကယ်ပဲ သူ့ရဲ့မျက်နှာပေါ်မှာ အရေးအကြောင်းတွေပေါ်နေခဲ့ပြီဆိုရင်လည်း ဒါဟာလူတစ်ဦးရဲ့ ရင့်ကျက်တည်ငြိမ်မှုကို ဖော်ပြတာဖြစ်လို့ သူ့အနေနဲ့ ဝမ်းသာပါတယ်လို့ ဆိုခဲ့ပါတယ်။

ကင်မ်က အဆိုပါစကားကို In Style မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ ပြောခဲ့တာဖြစ်ပါတယ်။ In Style မဂ္ဂဇင်းရဲ့ ဖေဖော်ဝါရီလထုတ်မဂ္ဂဇင်းမှာ ကင်မ်ကို မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခဲ့ပြီး သူ့ရဲ့ အင်တာဗျူးတစ်ခုကိုလည်း ထည့်သွင်းဖော်ပြသွားမှာ ဖြစ်ပါတယ်။

"တောင်ကိုရီးယားရဲ့ အလှဆုံးမင်းသမီး" ခေါင်းစဉ်အောက်က ယင်းမဂ္ဂဇင်းရဲ့ အင်တာဗျူးမှာ အလှဆုံးမင်းသမီးတစ်ဦးလို့ သတ်မှတ်ထားခြင်းခံရတဲ့သူတစ်ယောက်အနေနဲ့ မျက်နှာပေါ်မှာ အသက်အရွယ်အရပေါ်လာတဲ့ အရေးအကြောင်းတွေနဲ့ပတ်သက်ပြီး ခံစားရတဲ့ ဖိအားကို မေးမြန်းခဲ့ရာ ကင်မ်က အဲဒီအရေးအကြောင်းတွေဟာ သူ့ကို ပိုမိုရင့်ကျက်တဲ့သူတစ်ဦးအသွင် ဖြစ်စေတာမို့ ဖိအားတစ်ခုမဖြစ်ဘဲ ဝမ်းသာစရာတစ်ခုသာဖြစ်ကြောင်း ဆိုထားပါတယ်။ ကင်မ်ဟာ ပြီးခဲ့တဲ့ မတ်လက အသက်(၃၅)နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။

ကင်မ်ဟာ လှပနူးညံ့တဲ့ရုပ်ရည်ကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ပေမယ့် ရေငုပ်ခြင်းကဲ့သို့သော ပြင်းထန်တဲ့အားကစားနည်းတွေကို စိတ်ဝင်စားသူတစ်ဦး ဖြစ်ပါတယ်။ ထို့ပြင် သူက သူ့အတွက်တော့ ပရိသတ်ရဲ့အားပေးမှုကိုရရှိလေလေ ယင်းအားပေးမှုနဲ့ ထိုက်တန်တဲ့ ပြန်လည်ပေးဆက်မှုတွေ ပြုရလေလေလို့ အနုပညာရှင်တစ်ဦးရဲ့ ဘဝအပေါ်ခံယူထားကြောင်းနဲ့ ယနေ့အချိန်အထိ ပရိသတ်ကို ကျေနပ်သည်အထိ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသေးကြောင်းလည်း သူက ရင်ဖွင့်ထားပါတယ်။

အေးပြည့်စုစည်းသည်

# မီးလောင်နေတဲ့ကားအတွင်းက လူတစ်ဦးကို ကယ်ထုတ်ပေးခဲ့တဲ့ ဂျေမီဖောက်ဇ်



ရွှေကမ္ဘာလုံးဆုရှင်မင်းသားတစ်ဦးလည်းဖြစ်၊ အောင်မြင်တဲ့ အဆိုတော်တစ်ဦးလည်းဖြစ်သည့် အမေရိကန်လူမျိုး ဟောလိဝုဒ်ကြယ်ပွင့် ဂျေမီဖောက်ဇ်က ပြီးခဲ့သည့် တနင်္လာနေ့ ညပိုင်းက သူ့၏အိမ်ရှေ့တွင် ကားမီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ ယင်းမီးလောင်နေသော ကားအတွင်းမှ လူတစ်ဦးကို ကယ်ထုတ်ပေးလိုက်နိုင်ကြောင်း ယူပီအိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ည ၈ နာရီခွဲခန့်က လော့စ်အိန်ဂျယ်လိစ်ရှိဖောက်ဇ်၏နေအိမ်ရှေ့တွင် အသက်(၃၂)နှစ်အရွယ် ဘရက်ထ်ကိုင်လီမောင်းလာသော ကားသည် ရုတ်တရက်လမ်းချော်ကာ တိမ်းမှောက်သွားခဲ့ပြီး ကားတိမ်းမှောက်ခဲ့မှုကြောင့် ကားအတွင်း မီးပါလောင်ခဲ့သည်။ ယင်းအဖြစ်အပျက်ကို တွေ့မြင်လိုက်သော ဖောက်ဇ်က မီးလောင်နေသည့်ကားဆီသို့ ချက်ချင်းပြေးသွားကာ ကားသမားကို ကယ်ထုတ်ရန်ကြိုးပမ်းခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်မှ အခြားသူများလည်း ရောက်ရှိလာကြပြီး ကားမှန်ကိုခွဲကာ မီးလောင်နေသော ကားအတွင်းမှ ကားသမားကိုကယ်ထုတ်ခဲ့ကြသည်။ တိမ်းမှောက်ခဲ့သည့် ကုန်ကားကိုမောင်းနှင်လာသူ ကိုင်လီကို ဆေးရုံသို့အချိန်မီပို့နိုင်ခဲ့ပြီး ယင်းယာဉ်မတော်တဆမှုတွင် အခြားသောသူများနှင့် ယာဉ်များအား ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ပေ။

# ကြေးမုံ ရုပ်ရှင်အညွှန်း

**ယခုတစ်ပတ်၏ ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍတွင် မြန်မာရုပ်ရှင်ဇာတ်ကားများအနေဖြင့် ယခင်ရုံပြိုင်စနစ်ဖြင့် ပြသဆဲဇာတ်ကားများဖြစ်သည့် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)၏ ရုံးပတီသီးလေးများဟာသဇာတ်ကားနှင့် ဒါရိုက်တာဝိုင်း၏လက်ရာ ချစ်လှစွာသောအမုန်းဇာတ်ကားတို့ အပြိုင်ဆက်လက်ပြသလျက်ရှိပြီး မင်္ဂလာ(၁)သိမ်ကြီးဈေး၊ ရွှေဆောင်(၂)နှင့် မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံများတွင် ဘောလိဝုဒ်ငွေကြယ်ပွင့် ပရီရန်ကာချိုပရာ ခေါင်းဆောင်ပါဝင်ထားသည့် Bajirao Mastani (2D) အိန္ဒိယရာဇဝင်အက်ရှင်ဇာတ်ကားကို ဆက်လက်ကြည့်ရှုနိုင်မှာဖြစ်ကာ နေပြည်တော် Cineplex မှာတော့ မင်းသား လီယိုနာဒို ခေါင်းဆောင်ပါဝင်ထားတဲ့ The Revenant အမည်ရတဲ့ စွန့်စားမှုအသားပေးအက်ရှင်ဇာတ်ကား၊ ထိုင်းသည်းထိတ်ရင်ဖို ဇာတ်ကားဖြစ်တဲ့ Ghost Ship နဲ့ တရုတ်အက်ရှင်ဇာတ်ကားသစ် IP Man-3 တို့ကို ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။**




## IP Man-3

ဒီဇာတ်ကားဟာ ဇန်နဝါရီ ၂၂ ရက်မှာ အသစ်ရုံတင်ပြသမယ့် တရုတ်အက်ရှင်ဇာတ်ကားသစ်ဖြစ်ပြီးတော့ ဟောင်ကောင်မင်းသား ဒန်နီယန် ခေါင်းဆောင်ပါဝင်ထားပါတယ်။ နောက်ပြီးတော့ ဒီဇာတ်ကားမှာ အမေရိကန်လက်ဝှေ့အကျော်အမော်တစ်ဦးဖြစ်တဲ့ မိုက်တိုင်စန်လည်း ပါဝင်ထားပါတယ်။

ဇာတ်လမ်းအကျဉ်းကို အမြည်းတင်ပြရမယ်ဆိုရင် မတရားလောဘဇောတိုက်နေတဲ့ အိမ်ခြံမြေအကျိုးဆောင်သူဌေးကြီးတစ်ယောက်ဟာ သူရဲ့ ရက်စက်ယုတ်မာတဲ့ လူဆိုးတွေကို ခိုင်းစေအသုံးချပြီး တစ်မြို့လုံးကို ဒုက္ခပေးကာ ကြီးစိုးဖို့ ကြံစည်အားထုတ်လေတဲ့အခါ အဲဒီသူဌေးကြီးရဲ့ အန္တရာယ်ကနေ အပြစ်မဲ့မြို့သူမြို့သားတွေကို ကာကွယ်ကယ်တင်ဖို့ IP Man က ရင်ဆိုင်ဖြေရှင်းပုံကို ရိုက်ကူးတင်ပြထားတဲ့ တရုတ်အက်ရှင်ဇာတ်ကား တစ်ကား ဖြစ်ပါတယ်။

IP Man အဖြစ် ဒန်နီယန်က သရုပ်ဆောင်ထားပါတယ်။ ပြသချိန် ၁ နာရီ ၄၅ မိနစ်ကြာမြင့်တဲ့ ဒီဇာတ်ကားကို မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ ဝဇီရာ(လှိုင်သာယာ)၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတွေမှာ ဇန်နဝါရီ ၂၂ ရက်တွင် စတင်ပြသမှာဖြစ်သလို ယင်းနေ့မှာပဲ အမေရိကန်နိုင်ငံ၌လည်း စတင်ဖြန့်ချိပြသမယ်လို့ သိရပါတယ်။

ဖြိုးစန္ဒာမြင့်

## ဘင်ဇီမာအား ယူရို ၂၀၁၆ တွင် ပါဝင်ကစားခွင့်ပြုရန် ဇီဒန်းတောင်းဆို

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ပြင်သစ်မြေတွင် ကျင်းပမည့် ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ တိုက်စစ်မှူး ဘင်ဇီမာအား ပါဝင်ကစားခွင့်ပြုရန် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်အား တောင်းဆိုခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူးဘင်ဇီမာသည် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်၏ နိုင်ငံတကာပွဲစဉ်ပါဝင်ကစားခွင့် ပိတ်ပင်ခံထားရသူဖြစ်ပြီး လက်ရှိတွင် ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုထားပြီးဖြစ်သောကြောင့် နွေရာသီတွင် ကျင်းပမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပြင်သစ်အသင်းနှင့်အတူ ပါဝင်လာဖွယ်ရှိကြောင်း သတင်းများက ဖော်ပြသည်။

တိုက်စစ်မှူး ဘင်ဇီမာ ပြင်သစ်အသင်းတွင် ပါဝင်လာခြင်း မရှိခဲ့ပါက ပြင်သစ်အသင်းအတွက် အနိုင်ရရှိမည့် အခွင့်အရေးသည် ဆုံးရှုံးသွားလိမ့်မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းက ပြောကြားခဲ့ပြီး ဘင်ဇီမာကဲ့သို့ စွမ်းဆောင်ရည်မြင့်မားသည့် ကစားသမားတစ်ဦးကို လျစ်လျူရှုနိုင်စွမ်း ပြင်သစ်အသင်းတွင် မရှိကြောင်းလည်း ဇီဒန်းက ဆိုသည်။

တိုက်စစ်မှူး ဘင်ဇီမာကမူ ၎င်းအား လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခွင့်ပိတ်ပင်ခံထားရမှုနှင့် စပ်လျဉ်း၍ လွတ်မြောက်ရန် လက်ရှိအချိန်အထိ ကြိုးစားခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။ ထို့ပြင် အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘင်ဇီမာအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် အကောင်းဆုံးဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဘင်ဇီမာသည် ရီးယဲလ်မက်ဒရစ်အသင်းသို့ မရောက်ရှိမီက လိုင်ယွန်အသင်းတွင်ကစားခဲ့ပြီး လိုင်ယွန်အသင်းနှင့်အတူ ပွဲပေါင်း ၁၁၂ ပွဲပါဝင်ကစားပေးခဲ့သည့်အပြင် သွင်းဂိုး ၄၃ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် လိုင်ယွန် တိုက်စစ်မှူး ဘင်ဇီမာအား ရီးယဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် စပို့တင်းဂီဂျွန်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဂါရက်ဘေးလ် ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် လာမည့်ပွဲစဉ်တွင် ဂါရက်ဘေးလ်ပါဝင်လာမည် မဟုတ်သော်လည်း တိုက်စစ်မှူး ဘင်ဇီမာ ပါဝင်လာမည်ဖြစ်သည်။ ဂါရက်ဘေးလ်နှင့် ဘင်ဇီမာတို့ နှစ်ဦးလုံးသည် ယင်းပွဲစဉ်တွင် ဒဏ်ရာအသီးသီးရရှိခဲ့ကြသော်လည်း ဘင်ဇီမာတစ်ဦးတည်းသာ လာမည့်ပွဲစဉ်တွင် အသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။ **(ငွေကြယ်)**

## နာဒယ်ပြန်လာနိုင်မှာလား



**Nadal career stats**

| | |
|---|---|
| Age | 29 |
| ATP Ranking (18 Jan) | 5 |
| Titles | 67 |
| Career Grand Slam Record (W-L) | 198-30 |
| Australian Open Record (W-L) | 45-10 |
| Career Record (W-L) | 771-162 |
| 2016 Record (W-L) | 4-2 |

မေလဲ့သင်း

ဇန်နဝါရီ ၁၈ ရက်ကနေ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားမယ့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ စပိန်နာမည်ကျော် တင်းနစ်ကစားသမား ရာဖေးလ်နာဒဲလ်က ပထမအဆင့်ပတ်လည်ပွဲစဉ်မှာပဲ ဖာနန်ဒိုဗာဒက်စ့်ကို ရှုံးနိမ့်ပြီး ပြိုင်ပွဲကနေ စောစောစီးစီး ထွက်ခွာခဲ့ရပါပြီ။ ဗာဒက်စ့်ကိုဟာ နာဒယ်လ်ကို ၄ နာရီ မိနစ် ၄၀ ကြာအောင် ယှဉ်ပြိုင်ကစားခဲ့အပြီးမှာ သုံးပွဲ-နှစ်ပွဲနဲ့ အနိုင်ကစားပြီး ဒုတိယအဆင့်ကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။ ဗာဒက်စ့်ကိုက ၇-၆(၈-၆)၊ ၄-၆၊ ၃-၆၊ ၇-၆(၄-၇)၊ ၆-၂ နဲ့ အနိုင်ယူနိုင်ခဲ့တာဖြစ်ပြီး ၂၀၀၉ ခုနှစ် သြစတြေးလျအိုးပင်းအကြိုဗိုလ်လုပွဲမှာ နာဒဲလ်ကို ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရမှုကို အကောင်းဆုံး ပြန်လည်တုံ့ပြန်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အမျိုးသမီးတစ်ဦးချင်းပွဲစဉ်မှာလည်း တရုတ်တင်းနစ်မယ် ရှုအိက ကမ္ဘာ့အဆင့်(၂) ဆီမိုနာဟိလစ်ပ်ကို ၆-၄၊ ၆-၃နဲ့ နှစ်ပွဲပြတ် အနိုင်ကစားနိုင်ခဲ့တာကြောင့် ဒီနှစ်သြစတြေးလျတင်းနစ်ပြိုင်ပွဲရဲ့ ကမောက်ကမ ရလဒ်တွေကို ပရိသတ်တွေအနေနဲ့ စောစောစီးစီး မြင်တွေ့ခဲ့ရတာပဲဖြစ်ပါတယ်။

ဟိလစ်ပ်က အရှုံးအတွက် စိတ်ပျက်မိပေမယ့် သူ့ကို မကြောက်မရွံ့ယှဉ်ပြိုင်သွားတဲ့ ရှုအိရဲ့ လက်စွမ်းနဲ့ပတ်သက်ပြီး ချီးကျူးစကားဆိုခဲ့ပါတယ်။ အသက်(၂၇)နှစ်ရှိပြီဖြစ်တဲ့ ရှုအိဟာ လက်ရှိကမ္ဘာ့အဆင့်(၁၃၃)မှာ ရပ်တည်နေသူဖြစ်တဲ့အပြင် ဂရင်းစလင်းပြိုင်ပွဲ (၁၅)ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးရာမှာ ယခုတစ်ကြိမ်က လွဲပြီး အကြိမ်တိုင်း ရှုံးနိမ့်ခဲ့သူဖြစ်တာကြောင့် တင်းနစ်လောကကနေ အနားယူဖို့တောင် စဉ်းစားထားသူပါ။ ဒါ့ကြောင့် အခုလို ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားကို မထင်မှတ်ဘဲ အနိုင်ရရှိခဲ့အပြီးမှာ သူဟာဝမ်းသာမှုကြောင့် ချုံးပွဲချငိုကြွေးခဲ့တဲ့အထိဖြစ်ခဲ့ပါတယ်။ ဒီလိုပါပဲ ဗြိတိန်တင်းနစ်မယ်ဂျိုဟန်းနာ ကွန်တာက ဂရင်းစလင်းချန်ပီယံ ခုနှစ်ကြိမ်ဆုရှင် ဗီးနပ်စ်ဝီလျံကို ပွဲကစားချိန် ၇၉ မိနစ်အတွင်း ၆-၄၊ ၆-၂နဲ့ အနိုင်ရရှိခဲ့တာကြောင့် အများအတွက် အံ့သြမှုတွေပေးစွမ်းတဲ့ ၂၀၁၆ ခုနှစ် ဂရင်းစလင်းပြိုင်ပွဲဖြစ်လာခဲ့ပါတယ်။

အခုနာဒဲလ်ရဲ့ ရှုံးပွဲကို ပြန်ပြီး သုံးသပ်ကြည့်ရင် နာဒဲလ်အနေနဲ့ အခုလို ဂရင်းစလင်းပြိုင်ပွဲ ပထမအဆင့်မှာပဲ စောစောစီးစီးထွက်ခွာခဲ့ရတာက သူ့ရဲ့ ပရော်ဖက်ရှင်နယ် သက်တမ်းတစ်လျှောက်မှာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ဂရင်းစလင်းချန်ပီယံအဖြစ် (၁၄)ကြိမ်တောင် အောင်ပွဲခံနိုင်ခဲ့တဲ့ နာဒယ်ဟာ အသက်(၂၉)ကျော်လွန်လာပြီဖြစ်တာကြောင့် သူ့ရဲ့ အကောင်းဆုံးလက်စွမ်းတွေကို ပြန်မရနိုင်တော့ဘူးလားဆိုတဲ့ မေးခွန်းတွေကိုသူကိုယ်တိုင်ဖြေပေးဖို့ အခုအချိန်မှာ လိုအပ်နေပါပြီ။

နာဒဲလ်ဟာ ၂၀၁၅ ခုနှစ်မှာ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဂရင်းစလင်းဖလားလက်မဲ့ရာသီတစ်ခုကို ဖြတ်သန်းခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်အတွင်းမှာ ATP Tour ဖလားသုံးလုံးသာ ဆွတ်ခူးနိုင်ခဲ့တာကြောင့် သူဟာ ကမ္ဘာ့ထိပ်တန်းအဆင့် လက်စွမ်းမျိုး ကျန်နေသေးတယ်ဆိုတာ သက်သေပြဖို့ မလုံလောက်တော့တဲ့အနေအထားကို ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမယ့် နာဒဲလ်ရဲ့ ဂရင်းစလင်းချန်ပီယံဆု ရယူနိုင်မှုကို ပြန်ကြည့်ရင် စုစုပေါင်း (၁၄)ကြိမ်မှာ ကိုးကြိမ်က မြေစေးကွင်းအမျိုးအစားဖြစ်တဲ့ ပြင်သစ်အိုးပင်းမှာ ဗိုလ်စွဲခဲ့တာဖြစ်ပြီး သြစတြေးလျအိုးပင်းတစ်ကြိမ်၊ ဝင်လ်ဘယ်လ်ဒန်အိုးပင်းနှစ်ကြိမ်၊ ယူအက်စ်အိုးပင်းနှစ်ကြိမ်မှာ ဗိုလ်စွဲခဲ့ပါတယ်။ သူ့ရဲ့ အကောင်းဆုံးလက်စွမ်းတွေကို မြင်တွေ့ခဲ့ရတာကတော့ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်ကြားကာလတွေမှာပဲဖြစ်ပြီး ဒီနောက်ပိုင်း ပြင်သစ်အိုးပင်းမှာပဲ သူ့ရဲ့ အကောင်းဆုံးလက်စွမ်းကို ပြိုင်ဘက်တွေက မြည်းစမ်းခွင့်ရကြပါတော့တယ်။

ဒါပေမယ့် ဖက်ဒဲရာတောင်အသက်(၃၄)နှစ်ကျော်တဲ့အထိ ကောင်းမွန်တဲ့လက်စွမ်းတစ်ခုကို ထိန်းထားနိုင်သေးရင် နာဒဲလ်အနေနဲ့ သြစတြေးလျအိုးပင်းမှာ စောစောစီးစီး အောင်ဖျာလိပ်ခဲ့ရပေမယ့် မြင့်မားတဲ့အဆင့်တစ်ခုနဲ့ ပြန်လာနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါကြောင့် နာဒဲလ် ပြန်လာဦးမှာပါလို့ ယုံကြည်ရင်း. . .။

## အာဆင်နယ်အခက်တွေ့မယ့် ချယ်လ်ဆီးရဲ့ ရုန်းအားကို ကြည့်ရမယ့်

### ပရီမီယာလိဂ်ရင်ခုန်သံ – ၂၃

*ပရီမီယာလိဂ်ပွဲစဉ် ၂၃ ကို ဇန်နဝါရီလ ၂၃၊ ၂၄ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းကို အိမ်ကွင်းမှာ လက်ခံကစားရမှာမို့ ချယ်လ်ဆီးကွင်းမှာ သွားရောက်ကစားခဲ့စဉ်တုန်းက ရှုံးနိမ့်ခဲ့မှုကို အာဆင်နယ်အသင်း ပြန်လည်ချေပနိုင်မလားဆိုတာ စိတ်ဝင်တစား စောင့်ကြည့်ချင်စရာကောင်းနေတယ်။*

ရှိုင်းမင်းမင်း



**၂၀၁၅ ခုနှစ် ဧပြီ ၂၆ ရက်က ကစားခဲ့သည့် အာဆယ်နယ်-ချယ်လ်ဆီးပွဲတွင် ဖာဘရီဂတ်စ်(ဝဲ)နှင့် ဆန်းချက်ဇ်(ယာ)တို့ ဘောလုံးယှဉ်လုစဉ်။**

**နေ့ဝ်ုစ်ချ်-လီဗာပူး ည ၇း၁၅ (၂၃-၁-၁၆)**

လီဗာပူးက ဒဏ်ရာရ ကစားသမားများပြားနေတယ်ဆိုပေမယ့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတယ်။ ဖာမီနို၊ အိုက်၊ လယ်လာနာတို့ ဦးဆောင်တဲ့ တိုက်စစ်ကလည်း ဂိုးသွင်းခြေရနေတာကြောင့် နေ့ဝ်ုစ်ချ်ကို ဖိအားပေးသွားနိုင်မှာသေချာတယ်။ နေ့ဝ်ုစ်ချ်ရဲ့ အိမ်ကွင်းဖြစ်ပေမယ့် လီဗာပူးအသင်းပဲ အနိုင်ရသွားနိုင်တယ်။

**ဝက်စ်ဘရွန်း-အက်စတွန်ဗီလာ ည ၉း၃၀ (၂၃-၁-၁၆)**

ဗီလာအသင်းရဲ့ ခံစစ်ကတော့အဝေးကွင်းမှာ အားနည်းတတ်တာကြောင့် ဝက်စ်ဘရွန်းတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်တယ်။ ဝက်စ်ဘရွန်းနိုင်မှာပါ။

**ဝက်ဖို့ဒ်-နယူးကာဆယ်ဲ ည ၉း၃၀ (၂၃-၁-၁၆)**

မန်ယူကို သရေကစားနိုင်ခဲ့သလို ဝက်စ်ဟမ်းကိုလည်း အနိုင်ကစားနိုင်ခဲ့တယ်။ ဒါပေမယ့် နယူးကာဆယ်တိုက်စစ်က နောက်ဆုံး အဝေးကွင်းသုံးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်မှု မရှိခဲ့တာကိုသတိပြုရမယ်။ ဝက်ဖို့ဒ်အသင်း တစ်ဂိုးအသာနဲ့ ကပ်နိုင်သွားနိုင်တယ်။

**မန်ယူ-ဆောက်သမ်တန် ည ၉း၃၀ (၂၃-၁-၁၆)**

မန်ယူဟာ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်းအနည်းငယ်တိုးတက်မှုရှိလာသလို အိမ်ကွင်းအခွင့်အရေးလည်းရှိနေလို့ အခုနှစ် ပရီမီယာလိဂ်အဝေးကွင်းနိုင်ပွဲနှစ်ပွဲသာရရှိထားသေးတဲ့ ဆောက်သမ်တန်ကို အခက်တွေ့စေမှာပါ။ ဒါပေမယ့် မန်ယူဟာ တိုက်စစ်မဆိုးဘူးဆိုပေမယ့် ခံစစ်ကတော့ အားနည်းချက်ရှိနေဆဲဖြစ်တယ်။ ဆောက်သမ်တန်ကလည်း နှစ်ပွဲဆက်အနိုင်ရခဲ့မှုကြောင့် စိတ်ဓာတ်ပိုင်းအားကောင်းနေနိုင်တယ်။ ဆောက်သမ်တန်ရဲ့ ရုန်းအားကြောင့် မန်ယူရဲ့ အနိုင်ပြတ်သားဖို့ ခက်တယ်။

**ခရစ္စတယ်ပဲလေ့စ်-စပါး ည ၉း၃၀ (၂၃-၁-၁၆)**

ပဲလေ့စ်ဟာ နောက်ဆုံးပွဲစဉ်မှာ မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့ရသလို နောက်ဆုံး အိမ်ကွင်း နှစ်ပွဲဆက်တိုက် ဂိုးပေါက်ပျောက်ဆုံးခဲ့တာကို သတိပြုရမယ်။ နောက်ဆုံးပွဲစဉ်မှာလည်း ဆန်းဒါးလန်းကို ဂိုးပြတ်နိုင်ခဲ့တယ်။ ဒါပေမယ့် ဒီပွဲမကစားခင်မှာ လက်စတာနဲ့ အက်ဖ်အေပြန်ကန်ပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်တယ်။ စပါးအသင်း တစ်ဂိုးအသာနဲ့ အနိုင်ရသွားမှာပါ။

**လက်စတာစီးတီး-စတုတ် ည ၉း၃၀ (၂၃-၁-၁၆)**

ဂျေမီဗာဒီ၊ မာရက်ဇ်တို့ ဦးဆောင်တဲ့ လက်စတာရဲ့ တိုက်စစ်က ဂိုးသွင်းခြေ အနည်းငယ်ကျနေတယ်ဆိုပေမယ့် အဝေးကွင်းမှာစပါးကိုအနိုင်ယူနိုင်ခဲ့တဲ့အထိ ကစားပုံမာကျောမှုရှိနေတယ်။ စတုတ်က နောက်ပိုင်းပွဲတွေမှာ ဂိုးမြှုးနေတယ်ဆိုပေမယ့် ပရီမီယာလိဂ်အဝေးကွင်းပွဲတွေမှာ တိုက်စစ်က ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်ရလေ့ရှိပြီး ဒီပွဲမှာ ရှာကီရီ ပါဝင်နိုင်ဖို့မသေချာလို့ တိုက်စစ်အားပျော့မှုရှိလာနိုင်တယ်။ လက်စတာပဲ နိုင်ပွဲပြန်ရမှာပါ။

**ဝက်စ်ဟမ်း -မန်စီးတီး နံနက် ၀၀း၀၀ (၂၄-၁-၁၆)**

မန်စီးတီးက ခြေစွမ်းမဆိုးပေမယ့် တိုက်စစ်က အဆုံးသတ်ပိုင်းတည်ငြိမ်မှုသိပ်မရှိသေးဘူး။ မန်စီးတီးက ဒီပွဲပြီးရင် ကပ်ပီတယ်ဝမ်းဖလားပွဲကစားဖို့ရှိနေလို့ ခြေချိန်ကစားသွားနိုင်တယ်။ သရေကျဖို့များတယ်။

**အဲဗာတန်-ဆွမ်ဆီး ည ၈း၀၀ (၂၄-၁-၁၆)**

အဲဗာတန်ဟာ နောက်ဆုံးပွဲစဉ်မှာ ချယ်လ်ဆီးကို အကောင်းဆုံးခြေစွမ်းနဲ့သရေကစားနိုင်ခဲ့သလို အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပြီး အိမ်ကွင်းမှာ တိုက်စစ်ကစားပုံလည်းမဆိုးဘူး။ ဒါပေမယ့် ကပ်ပီတယ်ဝမ်းဖလားပွဲကို ရက်သိပ်မခြားဘဲကစားရမှာမို့ ခြေချိန်ကစားလာနိုင်တယ်။ ဒါပေမယ့် ဆွမ်ဆီးကလည်း ခြေစွမ်းမတည်ငြိမ်သလိုခံစစ်ကလည်း အားပျော့မှုရှိတယ်။ အဲဗာတန်နိုင်မှာပါ။

**အာဆင်နယ်-ချယ်လ်ဆီး ည ၁၀း၃၀ (၂၄-၁-၁၆)**

အာဆင်နယ်အသင်းက အခုနှစ် ပရီမီယာလိဂ်အိမ်ကွင်း ၁၀ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအထိအနိုင်ရထားပြီး တစ်ပွဲသာ အရေးနိမ့်ထားတယ်။ နောက်ပိုင်းပွဲတွေမှာ တိုက်စစ်ကလည်း ကစားပုံမဆိုးဘူး။ ချယ်လ်ဆီးက မန်နေဂျာ ဟစ်ဒင့်ရဲ့ လက်အောက်မှာ ခြေစွမ်းတိုးတက်မှုရှိလာပေမယ့် ခံစစ်ကအနည်းငယ်အားနည်းမှုရှိနေတာမို့ အာဆင်နယ်အသင်းတိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်တယ်။ အိမ်ကွင်း အခွင့်အရေးရှိနေတဲ့ အာဆင်နယ်အသင်းနိုင်ပွဲရမှာပါ။

## သားအဖနှစ်ဦး သစ်ပင်အောက်၌ ထိုင်နေစဉ် သစ်ကိုင်းခြောက်ကျိုးကျ၍ သားဖြစ်သူသေဆုံး

**ကျိုက်ထို ဇန်နဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာတွင် သစ်ပင်ခုတ်လှဲသည့် သားအဖနှစ်ယောက် သစ်ပင်အောက်တွင်နားနေစဉ် သစ်ကိုင်းကျိုးကျသဖြင့် သားဖြစ်သူသေဆုံးမှု ဇန်နဝါရီ ၁၇ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီခန့်က ခရွဲကျေးရွာ ကွက်သစ်နေ အောင်ကျော်မင်းသည် ဖခင်ဖြစ်သူ ဦးမောင်ဇော်နှင့်အတူ ခရွဲကျေးရွာ ရေအိုင်ကြီးတောအတွင်း အနန်းပိုသား သစ်ခြောက်ပင်အား လှဲရန်ခုတ်ကြပြီး ခုတ်လက်စသစ်ခြောက်ပင်အောက်၌ သားအဖနှစ်ဦးထိုင်နေစဉ် လုံးပတ် ခြောက်လက်မခန့် သစ်ကိုင်းခြောက်တစ်ခု အောင်ကျော်မင်း၏ ဦးခေါင်းပေါ်သို့ ကျိုးကျခဲ့သည်။

သစ်ကိုင်း ကျိုးကျမှုကြောင့် အောင်ကျော်မင်း၏ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သဖြင့် သိမ်ဇရပ်တိုက်နယ်ဆေးရုံသို့ တင်ပို့စဉ် လမ်း၌ သေဆုံးခဲ့ကြောင်း သိရသည်။

**(ရဲခေါင်ဦး)**



အောင်မြင့်ဝင်း(ခ)ဝတုတ်နှင့် အောင်တိုးဝင်း(ခ)မှတ်ကြီး တို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

## လွိုင်လင်မြို့နယ်တွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က တောင်ကြီး - လွိုင်လင်သွားကားလမ်း လွိုင်လင်မြို့အဝင် လမ်းအသုံးပြုခကောက်ခံရေးစခန်းအနီးတွင် တောင်ကြီးမြို့ဘက်မှ အောင်မြင့်ဝင်း မောင်းနှင်ပြီး အောင်တိုးဝင်း လိုက်ပါလာသည့် 2B/----- FUSO ခြောက်ဘီးယာဉ်ကို ရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဟိုက်ဒရိုကလိုရစ်အက်စစ် ပုလင်း ၆၀ (စုစုပေါင်း ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၅၀ လစ်တာ)၊ ပလတ်စတစ်ပီပါ ခုနစ်လုံးဖြင့်ထည့်လျက် ဆာလဖျူရစ်အက်စစ် လီတာ ၁၄၀၀၊ စတီးပီပါ ၁၅ လုံးဖြင့် ထည့်လျက် အဖြူရောင်အခဲ ကီလို ၃၆၀၀၊ ဆာလာအိတ် ၂၀ဖြင့် ထည့်လျက် အရိုးမီးသွေးမှုန့် ကီလို ၅၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် အောင်မြင့်ဝင်း(ခ)ဝတုတ် (၂၉) နှစ်နှင့် အောင်တိုးဝင်း (ခ)မှတ်ကြီး (၄၃) နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ကော့သောင်းမြို့တွင် သောက်သုံးရန်မသင့်သည့် အားဖြည့်အချိုရည်များဖျက်ဆီး

**ကော့သောင်း ဇန်နဝါရီ ၂၀**

ကော့သောင်းမြို့တွင် သောက်သုံးရန်မသင့်သည့် ထိုင်းနိုင်ငံထုတ် Ranger Energy Drink အားဖြည့်အချိုရည်များဖျက်ဆီးခြင်းကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက ကော့သောင်းမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) ရှေ့ကွင်းပြင်၌ ပြုလုပ်ကြောင်း သိရသည်။

ခရိုင်နှင့်မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သက်တမ်းလွန်၍ ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသော အများပြည်သူ သောက်သုံးရန်မသင့်သည့် ထိုင်းနိုင်ငံထုတ် Ranger Energy Drink အားဖြည့်အချိုရည်ပါကင် ၆၀ ကျော်အား လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့သည်။

အဆိုပါ အားဖြည့်အချိုရည်အား ဇန်နဝါရီ ၁၅ ရက်က ကော့သောင်းမြို့ရှိ အခြေခံပညာကျောင်းတစ်ကျောင်းမှ ကျောင်းသား ကျောင်းသူတချို့ ဝယ်ယူသောက်သုံးမိရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ မြို့ပေါ်ရပ်ကွက်ရှိ ကုန်စုံဆိုင်များတွင် လိုက်လံစစ်ဆေးသိမ်းဆည်းပြီး ယင်းအားဖြည့်အချိုရည်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ကြည့်မြင်တိုင်မြို့နယ်အတွင်း စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် ဇန်နဝါရီ ၂၀**

မကျည်းတန်းမြောက် အရှေ့ရပ်ကွက် ဥယျာဉ်လမ်းရှိ နေအိမ်တစ်အိမ်ရှေ့၌ 9B/---------- မတ်တူးယာဉ်နှင့် ထိုင်းနိုင်ငံလုပ် မော်တော်ဆိုင်ကယ်တစ်စီးတို့အား ဇန်နဝါရီ ၁၉ ရက် နံနက် ၂ နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ ကြည့်မြင်တိုင် မြို့မရဲစခန်းက ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ကားရှေ့ခန်း အံဝှက်အတွင်းမှ တစ်ထုပ်လျှင် အပြား ၂၀၀ စီပါသော စိတ်ကြွရူးသွပ်ဆေးပြားရှစ်ထုပ် စုစုပေါင်းဆေးပြား ၁၆၀၀ ကို တွေ့ရှိခဲ့ပြီး ကားနောက်ဖုံးအတွင်းမှ 7D/------- ကားနံပါတ်ပြားနှစ်ခု၊ ဆက်စပ်အသုံးပြုသော လက်ကိုင်ဖုန်းသုံးလုံးနှင့် အသုံးပြုသော မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့အား သိမ်းဆည်းခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးဝါးများနှင့်အတူ ရှားထက်နိုင်၊ ဖေကြည်၊ မင်းမင်းဦးနှင့် အခင်းဖြစ်အိမ်ရှေ့တွင်ရှိနေသော မစုနန္ဒာနှင့် ၎င်းအိမ်မှ မျိုးသန့်တို့အား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် ကြည့်မြင်တိုင် မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ဝေါမြို့၌ လိုင်စင်မဲ့ကားများ သိမ်းဆည်းရမိ

**ဝေါ ဇန်နဝါရီ ၂၀။** ။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြို့မရဲစခန်းရှေ့ ချမ်းမြသာစည်ရပ်ကွက် မော်လမြိုင်-ရန်ကုန်ကားလမ်းမပေါ်တွင် ဇန်နဝါရီ ၁၇ ရက် ည ၇ နာရီက လိုင်စင်မဲ့ကားငါးစီးသိမ်းဆည်းရမိကြောင်း သိရသည်။

စခန်းမှူးဌေးခိုင်နှင့် တပ်ဖွဲ့ဝင်များက တင်ဝင်းထွဋ်မောင်းနှင်သော 9H/----၊ အောင်လှိုင်ဝင်း မောင်းနှင်သော 4C/--- Nissanယာဉ်၊ သန့်ဇင်ဦး မောင်းနှင်သော 2H/---- Odyssoy ယာဉ်၊ ယာဉ်မောင်း(ထွက်ပြေး) မောင်းနှင်သော 6H/---Honda ယာဉ်တို့အား စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အတွက် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝ၆၉)**


### ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပါမည်။

၂။ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၉-၁-၂၀၁၆ ရက်မှ ၂၂-၁-၂၀၁၆ရက်ထိ နေ့စဉ် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၂-၁-၂၀၁၆ရက် ညနေ ၄း၀၀နာရီဖြစ်ပါသည်။

၃။ ရန်ကုန်ပုံနှိပ်စက်ရုံများနှင့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၉-၁-၂၀၁၆ ရက်မှ ၂၇-၁-၂၀၁၆ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၇-၁-၂၀၁၆ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းအမှတ်-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇-၄၁၂၂၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### လှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ဆရာကြီး ပါမောက္ခ Dr.ကြည်စိုးအား "သုဓမ္မမဏိဇောတဓရ"ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဆု(မိသားစု)

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ မဟာဗောဓိလမ်း၊ တိုက်အမှတ်(၁၁)၊ ဒုတိယထပ်၊ အခန်း(I)ကို လက်ရှိတိုက်ခန်းပိုင်ရှင်ဖြစ်သော ဦးအောင်ကျော်ဦး [၁၂/သဃက(နိုင်)၀၅၆၅၈၀]ထံမှ ကျွန်ုပ်ကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း ခိုင်မာစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်တင်စုစုလှိုင်**
**[၁၂/ဒဂတ(နိုင်)၀၂၃၉၃၄]**
**၁၅၁/ခ၊ တနင်္သာရီလမ်း၊ ၁၉ရပ်ကွက်၊ ဒဂုံတောင်။**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀မြောက်၊ မြေကွက်အမှတ်-၈/က၊ မြေကွက်တည်နေရာအမှတ်-၈/က၊ လယ်ယာ(၅)လမ်း၊ ၁၀- မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးစန်းနိုင် CM-၀၁၁၃၆၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစန်းနိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၀၅၁၅၅၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးကျော်မြင့်[၇/ဖမန(နိုင်)၀၆၇၂၁၂]၏သမီးဖြစ်သူ မဆွေဇင်လပ် (ခ)မဆွေဇင်လတ် [၇/ဖမန(နိုင်)၁၀၁၄၉၄]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မဆွေဇင်လပ်(ခ)မဆွေဇင်လတ်**

### ညောင်ရွှေမြို့တွင် မြေကွက်ဝယ်လိုသည်။

Square Ft 4000 နှင့် အထက် ဂရန်ရှိပြီး မြေကွက်ဝယ်လိုသည်။

ဖုန်း- ၀၉-၇၃၁၉၂၈၅၆၊ ၀၉-၄၂၁၁၄၉၅၀၂

ကျော်
ကျူတာ JO, LO4, နယ်စပ်ရေးရာဝန်ထမ်း
ဒုရဲအုပ်၊ ၈၈၈၊ UCSB ရာထူးများဝင်ခွင့်
တန်းခွဲသစ်များဖွင့်ပြီး
Ph:01-246288, 01-391533,09421042332,09420005131

### ကုမ္ပဏီစာရွက်စာတမ်းများပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ Toyo Thai Power Myanmar Company Limited အား ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ခွင့်ပြုထုတ်ပေးခဲ့သည့် အောက်ဖော်ပြပါ သွင်းကုန်လိုင်စင်များနှင့် သွင်းကုန်ကြေညာလွှာများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။

သွင်းကုန်လိုင်စင် (၁) **IL8 12_13 0652 / 08.03.2013**
(၂) **IL8 12_13 0653/ 08.03.2013**
သွင်းကုန်ကြေညာလွှာ (၁) **178587/ 15.02.2013**

အမှတ် ၆၅၊ (၁၆/ခ)၊ ၁၆ လွှာ၊ စင်တာပွိုင့်တာဝါ၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၁၉၆၂၊ ၀၁-၃၇၁၉၆၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဆန်မိုင် [၁/မညန(နိုင်)၁၃၀၂၀၆]၏ နိုင်ငံကူးလက်မှတ် နံပါတ် MA-961848 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၇၉၅၉၄၉၅၈၂**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကိုဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော်ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ(ဂ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီးကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကိုဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၈။ (က) နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ခ) အခန်း(၁၃) ပါပြစ်မှုတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသူသည် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့်လွှတ်တော်သက်တမ်းတစ်ခုအတွက် ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက်တည်ဆဲ ပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော် ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခြင်းသည် လွှတ်တော်ပုံမှန်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်း ဖြစ်ပါက အစားထိုးရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပြဋ္ဌာန်း

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေဆိုင်ရာအထောက်အကူ** ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

(ခ) **ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါ ခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို လည်းကောင်း ဆိုသည်။

(ဂ) **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(င) **ရှေ့နေ** ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေကို ဆိုသည်။

(စ) **ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူကို ဆိုသည်။

(ဆ) **ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ** ဆိုသည်မှာ ဥပဒေဆိုင်ရာအကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့် ရှေ့နေကို ဆိုသည်။

(ဇ) **ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူ** ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးသည့် ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ဥပဒေ အကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဈ) **ဆင်းရဲနွမ်းပါးသူ** ဆိုသည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရန် ငွေကြေးမပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ည) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဋ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်။

(ဌ) **အသိအမှတ်ပြုအဖွဲ့အစည်း** ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကိုဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူသိရှိနားလည် ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့်အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလလျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(စ) အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဇ) ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**

**အခြေခံမူများ**

၄။ ဤဥပဒေ၏အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာအထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊

(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး၊

(ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

**စာမျက်နှာ ၁၇ သို့ ***

✱ စာမျက်နှာ ၁၆ မှ

(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီ တောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဆ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာ ရရှိစေရေး၊

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။

## အခန်း(၄)
## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၅ နှစ် အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အတွင်းရေးမှူး

၆။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့် ညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများကို ကူညီနိုင်ရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေး နည်းလမ်းများ သတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို အများပြည်သူ သိရှိနိုင်ရန် အသိပညာပေးခြင်း၊

(ဆ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များကို သတ်မှတ်ခြင်း၊

(ဇ) ပြစ်မှုများနှင့်သက်ဆိုင်သည့် ပြင်ဆင်မှု၊ အယူခံမှုနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဌ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အကူအညီများပေးခြင်း၊

(ဍ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို ပြည်ထောင်စုတရားသူကြီးချုပ်သို့ အခါအားလျော်စွာ တင်ပြခြင်း။

၇။ ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ။

## အခန်း (၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(စ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး တစ်ဦး၊ — အဖွဲ့ဝင်

(ဆ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်း တင်သွင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၀ နှစ်အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အတွင်းရေးမှူး

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(စ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၆)
## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က ပုဒ်မ ၁၂ အရ ဖွဲ့စည်းပေးသော မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ အနက် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်ရမည်။

(ခ) အုပ်ချုပ်ရေးဆိုင်ရာ ခရိုင်ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းကို အများပြည်သူ ယုံကြည်နားလည် လက်ခံလာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၇)
## မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်အတွင်း အများက ယုံကြည်လေးစားပြီး ဂုဏ်သတင်းရှိသော ဥပဒေပညာ တတ်ကျွမ်းနားလည်သူတစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) မြို့နယ်အတွင်း ဥပဒေဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံရှိပြီး အများက ယုံကြည်လေးစားသည့် ဒေသခံနှစ်ဦး၊ — အဖွဲ့ဝင်များ

(ဂ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့်အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်မှအမည်စာရင်း တင်သွင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အတည်ပြုသော ၃ နှစ်အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အတွင်းရေးမှူး

၁၃။ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

## နှစ်ပေါင်း ၁၀၀ ကျော်သမိုင်းဝင် စေတီတော်အား အသစ်မွမ်းမံပြုပြင်

**တောင်ငူ ဇန်နဝါရီ ၂၀**

တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု တောင်ရေကြည်ကျေးရွာရှိ နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်နေပြီဖြစ်သည့် သမိုင်းဝင်ရှေးဟောင်းစေတီတော်အား အသစ်မွမ်းမံတည်ဆောက်ရန် ဇန်နဝါရီလ ဒုတိယပတ်က ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် အုတ်မြစ်ချ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစေတီကြီးအား သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်မှ ဓမ္မကထိကဆရာတော် အရှင်တိက္ခသာရမှဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများမှ စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ စေတီကြီးမှာ ယိုယွင်းပျက်စီးလျက်ရှိရာမှ အနီးဝန်းကျင်ရှိ ချင်းကုန်းကျေးရွာ၊ ကုန်းတုန်းကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ နေပူကုန်းကျေးရွာ၊ ပဲချပ်ကုန်းကျေးရွာ၊ ထန်းပင်ကောက်ကျေးရွာ၊ ချောင်းဖြူကျေးရွာ၊ တောင်ရေကြည်ကျေးရွာတို့မှဒေသခံများ ကြည်ညိုရန်နှင့် သာသနာတော်ထွန်းကားရေးအတွက် အသစ်တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။စေတီဉာဏ်တော်အမြင့်မှာ ၃၅ တောင်ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာတွင် မိရိုးဖလာရိတ်သိမ်းခြွေလှေ့နည်းလမ်းများကိုသုံးပြုသူများရှိနေဆဲ



**သာစည် ဇန်နဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ ရိတ်သိမ်းခြွေလှေ့ခြင်းများရှိသကဲ့သို့ မိရိုးဖလာရိတ်သိမ်းခြွေလှေ့ခြင်း နည်းလမ်းများဖြင့်လည်း အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးစပါးအနည်းငယ်ပဲစိုက်ပျိုးရပါတယ်။ ကန်ရေသောက်လယ်မြေများလည်း မင်းလှကန်ရေမရှိတဲ့အတွက် မိုးရွာတဲ့ရေကို ခက်ခဲစွာစုဆောင်းပြီး စိုက်ပျိုးရပါတယ်။ မိုးစပါးစိုက်ပျိုးဖို့ လယ်ထွန်တာကအစ နွားထွန်တွေနဲ့ထွန်ယက်တယ်။ ပျိုးထောင်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်သိမ်းခြင်းတွေကို လူလုပ်အားများဖြင့် မိရိုးဖလာရိတ်သိမ်းခြွေလှေ့နည်းလမ်းများအတိုင်း ဆောင်ရွက်ကြတာများပါတယ်။

"မိုးစပါးရိတ်သိမ်းချိန်က နတ်တော်လနဲ့ ပြာသိုလဆိုတော့ ရာသီဥတုက ပွင့်လင်းရာသီဖြစ်တဲ့အတွက် မိုးလွတ် လေလွတ်သိမ်းလို့ရပါတယ်။ စပါးခြွေလှေ့စက်ကို အသုံးပြုရင် စပါးတစ်တင်း ၂၀၀ ကျပ်ပေးရတယ်။ စပါးတင်း ၁၀၀ ရရင် ခြွေလှေ့ခနှင့် အလုပ်သမားခ ၃၀၀၀၀ ကျပ်ခန့်ကုန်ကျပါတယ်။ စပါးကောက်ရိုးထုံးများကို ကောက်ပြန့်ကာ နွားလှည်းနဲ့နယ်ပြီး ခြွေလှေ့ရင် အလုပ်သမားနှစ်ယောက်ငှားရမ်းရပါတယ်။ စပါးတင်း ၁၅၀ လောက်ကို အလုပ်သမားခြောက်ယောက်၊ နွားလှည်းတစ်စီးနဲ့ ခြွေလှေ့ရပါတယ်။ အလုပ်သမားတစ်ယောက်ကို တစ်ရက် ၃၀၀၀ ကျပ်နှုန်းပေးပြီး ငှားရမ်းရတဲ့အတွက် မိရိုးဖလာရိတ်သိမ်း ခြွေလှေ့ခြင်းက စပါးခြွေလှေ့စက်ငှားရမ်းအသုံးပြုတာထက် ကုန်ကျစရိတ်သက်သာပါတယ်"ဟု ကျီတိုင်ကုန်းကျေးရွာဒေသခံတစ်ဦးက ပြောသည်။ **မျိုးမင်း(သာစည်)**

## နတ်တလင်းမြို့နယ်က ထန်းလျက်ချက်သူများ စီးပွားရေးအဆင်ပြေ

**နတ်တလင်း ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (အနောက်ခြမ်း) ရှိ ပွဲသာကျေးရွာအုပ်စု ဇီးကုန်းလေးရွာ၊ ဂုဏ်တောရွာ၊ လှေကြပ်ကုန်းကျေးရွာအုပ်စု၊ ကြာကံ၊ လိမ်ကွင်း၊ အိုးဘိုကုန်း စသည့်ကျေးရွာများသည် ယခုရာသီတွင် ထန်းလျက်ချက်သည့်လုပ်ငန်းဖြင့် စီးပွားဖြစ်ကာ ဝင်ငွေရနေကြောင်း ဒေသခံများကပြောသည်။

ဒေသခံနေဦးမျိုးမင်းဦးက "ကျွန်တော်တို့ဒေသမှာ ထန်းပင်ပေါတယ်။ မြေအနေအထားအရ တောင်ကုန်းတွေ၊ တောတွေရှိပြီး သဲကျောက်မြေဖြစ်တယ်။ ထန်းတောပိုင်တဲ့သူတွေက ထန်းတောတစ်တောကို အပင် ၁၀ ပင်ကစပြီး အပင် ၄၀ လောက်ရှိတယ်။ လယ်မြေလိုပဲ။ လယ်သမားတွေမှာ တချို့လည်း ငါးဧကပိုင်သလို တချို့ကျတော့လည်း ဧက ၂၀၊ ၃၀ ပိုင်ကြသလိုမျိုးပေါ့။ ထန်းရည်က အချိုရည်၊ အခါးရည်ရှိတယ်။ အခုသောက်နေကြတာက အခါးရည်ပဲ။ ထန်းဂျိုးမြူအိုးမှာများရင် အခါးဓာတ်များပြီး နည်းရင်အခါးဓာတ်နည်းတယ်။ ထန်းလျက်ချက်တာကျတော့ အချိုရည်ကိုချက်ရတယ်။ အချိုရည်ရအောင်က မြူအိုးအသစ်ကို အတွင်းအပြင် ထန်းလက်မီးကင်ပြီး အတွင်းဖင်ပိုင်းကို ထုံးသုတ်၍ ထန်းနို့မှာခံထားရင် အချိုရည်ရပြီ။ ထန်းတက်သမားက ထန်းတက်ချိန်မှန်ရတယ်။ မနက်တစ်ချိန် ညနေတစ်ချိန်တက်ရတယ်။ နံနက်ထန်းတက်ပြီးချတဲ့ အချိုရည်ကို ထန်းလျက်ချက်တာပါ။ မီးလင်းဖိုမှာ သံဒယ်ပိုင်းထဲထည့်ပြီး အရည်ပျစ်တဲ့အထိကျို၍ အခဲလေးတွေလုပ်တာပါ။ အခုပေါက်ဈေးကတော့ တစ်ပိဿာဖောက်သည်ကောက်ဈေး ၁၅၀၀ ကျပ်ရှိတယ်။ ထန်းတောများတဲ့သူက ပိုပြီးအဆင်ပြေတယ်။ ထန်းလျက်ဈေးကတော့ အတက်အကျရှိတယ်။ အရင်ဆုံးချက်ရောင်းတဲ့သူတွေက ဈေးကောင်းပိုရတယ်' ဟု ပြောသည်။ **(၀၇၁)**

## ဝေါ–ဘုရားပျို ဓာတ်အားလိုင်း တပ်ဆင်မှုပြီးစီး

**ဝေါ ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ဝေါ-ဘုရားပျို လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်က တပ်ဆင်ပေးမှုပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းဓာတ်အားလိုင်းပြီးစီးမှုကြောင့် ဒေသတွင်းကျေးရွာများဖြစ်သော ဘုရားပျိုကျေးရွာ၊ ကမာကဘန်ကျေးရွာ၊ ပန်းဘဲစု၊ ချောင်းကျိုး၊ ထိန်တပင်ရွာသစ်၊ လက်ပံသုံးပင်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ ဘုရားပျိုကျေးရွာကို ၂၀၁၅-၂၀၁၆ ခုနှစ်ပြည်ထောင်စုဘတ်ဂျက်ငွေကျပ်သိန်းပေါင်း ၅၄၀ ကျော်ဖြင့် (၁၁) ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းတိုးချဲ့တပ်ဆင်မှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က စတင်လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဘုန်းသော်(ဝေါ)**






**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၉၉၃/က)၊ မြေကွက်တည်နေရာအမှတ် (၉၉၃/က)၊ ကြ္တန္နာ(၁၁)လမ်း ဒေါ်ခင်ခင်[၁၂/ဥကမ(နိုင်)၀၀၇၆၁၇]၊ ဦးကံလှ[၁၂/ဥကမ(နိုင်)၀၀၆၄၁၂] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဖခင်ဦးကံလှ၊ မိခင်ဒေါ်ခင်ခင်တို့ ကွယ်လွန်သဖြင့် ဒေါ်လှခင်[၁၂/ဥကမ(နိုင်)၀၃၄၁၇၄]နှင့် ဦးစန်းမြင့်[၁၂/ဥကမ(နိုင်)၀၀၆၄၁၁]၊ ဦးထွန်းဦး[၁၂/ဥကမ(နိုင်)၀၀၇၆၁၂]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၇၁၀/၁၄)၊ (၂၇၆၁၉/၁၄)တို့ဖြင့်ရရှိသူ ဦးမြင့်လှိုင်[၁၂/မဂတ(နိုင်)၀၈၁၁၉၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်+ အရောင်းလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄B၊ မြေကွက်အမှတ်(၃၄၃)၊ မြေကွက်တည်နေရာအမှတ်(၃၄၃)၊ (၉)လမ်း ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်တင်တင်အေး[၁၂/မဂတ(နိုင်)၀၅၁၉၉၄]၊ ဒေါ်ရှယ်လီ[၁၂/မဂတ(နိုင်) ၀၅၃၈၅၀]၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်ရှယ်လီမှ တရားလိုပြု၍ ကျန်အမည်ပေါက်ဖြစ်သူ တရားပြိုင်ဒေါ်တင်အေး အပေါ် မြေကွက်၏အစိတ်အပိုင်း ပေ(၁၂$\frac{၁}{၂}$×၅၀)အား အရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီချမှတ်ပြီး တရားရုံးဒေါ်တင်တင်အေးကိုယ်စား တရားရုံးဘီလစ် ဒေါ်အိအိဖြူ[၁၂/ဒဂတ(နိုင်)၀၆၇၉၄၉] (ဒုတိယဦးစီးမှူး)မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာ

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့ လုပ်ငန်းသဘောတူစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၂၅)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများမှ လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၁၄၂)ခုတို့ကို ဌာနသို့ ရွှေပေးသွင်းခြင်းမရှိပါက တရားစွဲဆိုအရေးယူသွားမည် ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါအတိုင်း ကုမ္ပဏီများအား အသိပေးအကြောင်းကြားခဲ့ရာ ကုမ္ပဏီ(၁၃)ခု ဌာနနှင့် လာရောက်ဆက်သွယ် အပြီးပေးသွင်းပြီး ကုမ္ပဏီ (၁၉)ခုမှ တချို့တစ်ဝက် ပေးသွင်း၍ ဆက်လက်ပေးသွင်းရန် ဝန်ခံကတိပြုထားပြီးဖြစ်ပါသည်။

၃။ ဌာနအနေဖြင့် အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ (၁၄၂)ခုအနက် ရွှေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီ(၃)ခုအား နေပြည်တော် ဒက္ခိဏခရိုင်တရားရုံးတွင် တရားစွဲဆိုထားပြီး ထပ်မံ၍ ကုမ္ပဏီ(၅)ခုအား တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိပါသည်။ လာရောက်ဆက်သွယ် စာရင်းရှင်းလင်းပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီများအား ဆက်လက်တရားစွဲဆိုအရေးယူရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ထပ်မံ၍ အောက်ဖော်ပြပါ ကုမ္ပဏီ (၂၅) ခုသည် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့ လာရောက်ပေးသွင်းခြင်း မရှိသဖြင့် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ အစိမ်းရောင်နယ်မြေ | ၁၁။ ခိုင်ရွှေငြိမ်းအေး | ၂၁။ စံဝင်းမိသားစု |
| ၂။ ရွှေသပြေအောင် | ၁၂။ စိုးရတနာလင်း | ၂၂။ ချစ်လင်းမြိုင် |
| ၃။ တိမ်နဂါးနှစ်ကောင် | ၁၃။ မြန်မာဘိုဘို | ၂၃။ မြဒေးကြွယ်လင်း |
| ၄။ လာဘ်မိုးလျှံ | ၁၄။ ကောင်းစက်မှုလက်မှု | ၂၄။ အောင်နိုင် |
| ၅။ ရွှေလင်းမာ | ၁၅။ ရွှေသံတောင်မြောက်ပိုင်း | ၂၅။ မင်းဝင်းစိုး |
| ၆။ ခရူအိမ် | ၁၆။ ရွှေနွံ့ခမ်း | |
| ၇။ ချမ်းမြေ့ | ၁၇။ မြန်မာစီးပွားဆက် | |
| ၈။ ကောင်းမြတ်ပြည့်စုံ | ၁၈။ အကောင်းဆုံးရွှေ | |
| ၉။ ဆန်းလင်း | ၁၉။ ရွှေဝင့်ဝါအောင် | |
| ၁၀။ မြစိမ်းရောင်းကျွန်း | ၂၀။ ရွှေစစ်သည် | |

အလားတူ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီများမှ ပေးသွင်းရမည့်ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၂) သတ္တုတွင်းလုပ်ငန်း


# HEALTHY LIFE
## ကျန်းမာလှပလူမှုဘဝဂျာနယ်


☎ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၅၀၈၀၀၆၅၊ ၀၉ ၅၁၃၀၉၆၆

♦ဒေါက်တာစိုးလွင် (ဒေါင်းရောဂါလက္ခဏာစု) ♦ဉာဏ်ရည်မပီသော်ငြား စွမ်းရည်ပြနိုင် ♦ဖုန်မှုန့်များနှင့်ဓာတ်မတည့်ခြင်း ♦ဆီးချိုလူနာများအတွက်ဖုန်းဖြင့် အင်ဆူလင်ဆေးညှိအစီအစဉ် ♦ပါမောက္ခဦးကိုကိုမောင်(သွားကြိတ်ခြင်း) ♦လျှာအနာ ♦ဒေါက်တာမိုးအောင်ကျော်နိုင် (ဆောင်းတွင်း လေဖြန်းခြင်း) ♦အသည်းအတွက် အစာ ♦ ဗိုက်အဆီ ချေဖျက်နည်း ♦ကလေး ၇၀၀ ကျော်၏ဖခင် ♦လစဉ်ရာသီလာခြင်းကို ထိခိုက်စေသည့်အကျင့်များ ♦မိန်းမကိုယ် ကျန်းမာရေး ♦လင်းနို့မှတစ်ဆင့် ရောဂါကူးနိုင်သောဒေသများတွင် မြန်မာပါဝင် ♦ ဂေါက်အဆစ်ရောင်ခြင်းအတွက် ငှက်ပျောသီး ♦ဒေါက်တာဒေါ်ဝင်းဝင်းမြင့်(ကျောက်ကပ်ဝေဒနာရှင်တို့အတွက်အာဟာရ) ♦ကွန်ပျူတာကြောင့် မျက်စိဝေဒနာဖြစ်ခြင်း ♦နေကြာဆီအစွမ်း ♦ ပေါင်နှင့်တင်ပါးတင်းရင်းစေရန် ♦အလုပ်လုပ်ရင်းအားကုန်လာလျှင် ♦ အရေပြားခြောက်သွေ့ခြင်း ♦မေမြတ်နိုး၏ ကျန်းမာလှပလူမှုဘဝ ♦ အဆိုတော်သားစိုး မိသားစုကျန်းမာရေးစသည့် ဆောင်းပါးကောင်းများဖြင့်

**Healthy Life** ဂျာနယ် အမှတ်(၁၆)ကို ၂၂-၁-၂၀၁၆ ရက်နေ့(သောကြာနေ့)၌ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။




## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
## MECHANICAL CAR PARKING










TPW

No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။


## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ (ဦးသောင်း)-ဒေါ်ကြင်မြ၊ ကျောက်မဲမြို့နေ (ဦးစက်တင်-ဒေါ်ဝှမ်)-ဒေါ်တင်ရီတို့၏မြေး
ကံ့ကော်တော ဦးမျိုးအောင်-ဒေါ်တင်မာရီတို့၏ တစ်ဦးတည်းသောသား

**မောင်အာကာကံ့ကော်**

**Bachelor of Business (Marketing & Management)**
**(University of Newcastle, Australia)**
**Customer Service & Relationship Manager**
**(Yoma Bank, Business Financing Department)**

နှင့်

မန္တလေးမြို့နေ (ဦးလှဖေ)-ဒေါ်မြမြစိန်၊ (ဦးလောရှုတ်-ဒေါ်ချစ်)တို့၏မြေး
ဦးကျော်ရှိန်(Home First Co.,Ltd)-ဒေါ်မြင့်မြင့်ဝင်း(Top Trading)တို့၏တူမ
ဦးကျော်ထင်-ဒေါ်အေးအေးမူ(တော်ဝင်ဖူးဆန်ပွဲရုံ)တို့၏သမီး
မောင်ရဲကျော်ထင်-မခင်ခင်ဇော်တို့၏ညီမ

**မဆုမြတ်ကျော်ထင် (ခ) Kitty**

**Bachelor of Business (Economics and Finance)**
**(RMIT University, Australia)**
**Project Administrator**
**(Yoma Bank, Digital Channels Department)**

တို့၏ Sedona Hotel (Inya-Hall) တွင် ၉-၁-၂၀၁၆ ရက်က ကျင်းပသည့် လက်ထပ်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာနာယကကြီးအဖြစ် ကြီးမှူး၍ လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်လက်ထောက်ညွှန်ကြားရေးမှူး(တရားမ စီရင်ရေး) ဒေါက်တာ ဒေါ်ခိုင်ခိုင်လေး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ကူညီပေးသော တရားလွှတ်တော်ရှေ့နေ ဒေါ်နှယ်နီအောင်၊ နှစ်ဖက်သက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဘဘ ဦးတင်မောင်ဦးနှင့် အန်ကယ်ဦးသိန်းထွန်း၊ မင်္ဂလာဝတ်စုံကို မေတ္တာဖြင့် လက်ဖွဲ့ပေးသော ကြင်ကြင် ပိုးထည်တိုက်မှ အန်တီမီး၊ မေတ္တာဖြင့် ဖိနပ်အလှူဆင်ပေးသော မန္တလာညွှန့် အဆင့်မြင့်မန္တလေးဖိနပ်၊ NOVOTEL YANGON MAX HOTEL (YANGON BALLROOM) တွင် ၁၀-၁-၂၀၁၆ ရက်က ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော ဘဘ ဦးတင်မောင်ဦးနှင့်ဇနီး အန်တီဒေါ်ရီရီဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး မနှင်းဦးဝေ၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော သမီးလေး မထက်ထက်ကံ့ကော်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးပါသော တင်မိုးလွင်(T & M)၊ မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့် တေးသီချင်းများ လက်ဖွဲ့သီဆိုပေးပါသော တေးသံရှင် ဗစ်တာခင်ညိုနှင့် တေးသံရှင် အောင်ထက်၊ မင်္ဂလာဧည့်ခံတေးဂီတဝိုင်း 88 Degree Music Band၊ မင်္ဂလာအခမ်းအနား Romantic Wedding Planner Group၊ အသံပိုင်းဆိုင်ရာ မေတ္တာဖြင့် ကူညီပေးသော ဦးအမိုင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် ကူညီပေးပါသော ဓာတ်ပုံ၊ ဗီဒီယို မောင်မောင်ညှပ်နှင့် ညီအစ်ကိုများ၊ မိတ်ကပ်ဆံပင် မေဦး၊ ဓာတ်ပုံဗီဒီယို NEO Photography (ကိုရဲနှင့်အဖွဲ့သားများ)၊ မင်္ဂလာဧည့်ခံပွဲသတို့သားဝတ်စုံ ဦးစိန်ဝိုး(စိန်ရွှေအပ်ချုပ်ဆိုင်)၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ နိုင်ငံရပ်ခြားမှ ကိုယ်တိုင် လာရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက် ကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အာကာကံ့ကော်-မဆုမြတ်ကျော်ထင်

**အမှား ပြင်ဆင်ချက်**

၂၂-၁၂-၂၀၁၅ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၃) ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၆၇/က)၊ မြင်သာ(၂)လမ်း၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်အား အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာတွင် တရားလိုအမည်အား ဒေါ်ရီဝင်းနွယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။


# MYANMAR NOBLE COLLEGE




UK နိုင်ငံ Edexcel ပညာရေးမှ ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲသစ်များကို Myanmar Noble College တွင် နှစ်စဉ် January နှင့် July လများတွင်တန်းခွဲ (၂)ခု ဖွင့်လှစ်၍သင်ကြားလျက်ရှိပါသည်။

ကျောင်းသားအများစု စိတ်ပါဝင်စားစွာတက်ရောက်လျက်ရှိသော အောက်ပါ ဘာသာရပ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည်။

- Construction & the Built Environment (Civil)
- Mechanical
- Electrical & Electronics
- Business
- Computing & Systems Development

UK, Singapore နိုင်ငံရှိတက္ကသိုလ်များသို့တက်ရောက်၍ BEng, BSc (Hons), BA (Hons)စသည့် Bachelor Degree များရရှိနိုင်မည့် အခွင့်အရေးများအား အချိန်၊ ငွေကြေး ကုန်ကျမှု သက်သာစွာဖြင့် ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအထက်ပိုင်းမှ ကျောင်းသား/သူ များအတွက် နိုင်ငံတကာပညာရေးနယ်ပယ်သို့ဝင်ရောက်နိုင်ရန် Myanmar Noble College ၏ ပြင်ဦးလွင် တန်းခွဲသစ်အားဖွင့်လှစ်မည်ဖြစ်ပါသည်။

မြန်မာနိုဘယ်(လ်)ကောလိပ်(ပြင်ဦးလွင်) တန်းခွဲတွင် BTEC HND (Higher National Diploma) တန်းအတွက် Foundation Course အား Semester တစ်ခုတက်ရောက်ပြီးနောက် မြန်မာနိုဘယ်(လ်)ကောလိပ် (ရန်ကုန်) တွင် Year I, Year II (၂) နှစ် တက်ရောက်ရပါမည်။

**Scholarships Available up to 50%**

| ရန်ကုန် | ပြင်ဦးလွင် |
|---|---|
| အမှတ်(၁၀၈)၊ နှင်းဆီလမ်း(အထက်)၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ | အမှတ်(၁)၊ မြို့ပတ်လမ်း၊ တောင်ရတနာရပ်ကွက်၊ ရပ်ကွက်ကြီး (၇)။ |
| ၀၁ - ၂၂၀၄၇၆ / ၀၉ - ၇၈၀၆၃၉၅၇၇ | ၀၉-၂၅၇၇၉၇၇၉၉/ ၀၉-၇၉၆၀၆၆၆၇၅ |

# The 4th Housing & Living 2016

## ဝမ်းမြောက်ဂုဏ်ပြုလွှာနှင့် ကျေးဇူးတင်လွှာ




ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ၁၅ရက်မှ ၁၇ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက်အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆တွင် ပြခန်းအလှဆုံးဆုရွေးချယ်ချီးမြှင့်ခံရသော MKT Construction ကုမ္ပဏီအားအထူးပင်လိုက်လိုက်လှဲလှဲထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုးပိုမိုအောင်မြင်အခွန့်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စတုတ္ထအကြိမ်အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆ဖွင့်ပွဲကိုကြွရောက်ချီးမြှင့်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသောရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဦးသန်းမြင့်၊ Summer Breeze Trading Co., Ltd. (HSG Laser), Managing Director-U Sai Tit Kyauk၊ MKT Construction Company Limited, Chairman ဦးမျိုးမြင့် တို့ကိုအထူးပင်လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြပွဲအားစည်ကားသိုက်မြိုက်အောင် အဘက်ဘက်မှပံ့ပိုးကူညီပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူအသီးသီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူအသီးသီး၊ ထို့အပြင် Main Sponsor အဖြစ်ပံ့ပိုးကူညီပေးပါသော Summer Breeze Trading Co., Ltd. (HSG Laser)၊ UN Habitat၊ Construction & Housing Development Bank၊ Sai Khung Noung Company Limited၊ ပြပွဲအားပူးပေါင်းပါဝင် ပြသပေးပါသော ကုမ္ပဏီအသီးသီးနှင့် ကြွရောက်ဟောပြောဆွေးနွေးပေးပါသော Ministry of Commerce, Advisor ဒေါက်တာမောင်အောင်၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ Forever Group, Project Director ဦးမျိုးမြတ်သူ၊ Sai Khung Noung Company Limited, Managing Director ဦးစိုင်းခွန်နောင်၊ Construction & Housing Development Bank, Managing Director ဦးဝင်းဇော်၊ ပါမောက္ခဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)၊ MKT Construction Company Limited, CEO ဦးမျိုးမြင့်၊ Success Property Consultant, Property Sales Director ဦးကျော်စည်သူနှင့် ပြပွဲသို့ တစ်ခဲနက်ကြွရောက်လေ့လာဝယ်ယူသူ မိဘပြည်သူများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

www.events-housingandliving.com

## Myanmar Skills 2016 - Web Design Skill ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ မြန်မာနိုင်ငံကျွမ်းကျင်မှုပြိုင်ပွဲ ဦးစီးကော်မတီမှ ဦးစီး၍ မြန်မာနိုင်ငံ ကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ (Myanmar Skills 2016)ကို ကျွမ်းကျင်မှုနယ်ပယ်အလိုက် ကျင်းပမည်ဖြစ်၍ Web Design Skill ပြိုင်ပွဲကိုလည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင် လျှောက်လွှာပုံစံကို www.mcf.org.mm တွင် Download ရယူပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အဆောင်(၉)၊ MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်မြို့ (ဖုန်း ၀၁-၆၅၂၇၀၇၊ ၀၁-၂၃၀၅၂၃၃)သို့ ၁၅-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ တစ်ဦးချင်းအလိုက် အခမဲ့ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသူများစာရင်းကို ၁၉-၂-၂၀၁၆ရက်(သောကြာနေ့)တွင် ထုတ်ပြန်ကြေညာ၍ ၂၀-၂-၂၀၁၆ရက်(စနေနေ့)နှင့် ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)များတွင် Skill Coaching သင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး၊ ၂၀၁၆ခုနှစ်၊ မတ်လအတွင်း ကျင်းပပြုလုပ်မည့် Myanmar Skills 2016 -Web Design Skill ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ရပါမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၉၄၁)၊ မြေကွက်တည်နေရာအမှတ်(၉၄၁)၊ လမ်း(၂၀)၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်စန်းရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်စန်းရီ)၊ ဖခင်(ဦးသိန်းဆွေ)တို့ ကွယ်လွန်သဖြင့် ဦးအောင်မြင့်ဆွေ[၁၂/ဥကတ(နိုင်)၀၇၉၆၀၃]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## သိုလှောင်ရုံ/အလုပ်ရုံ အမြန်ငှားမည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီးအနီး၊ သိုလှောင်ရုံ/အလုပ်ရုံ လုပ်ကိုင်နိုင်သော ပေ(၇၅×၃၅)ရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံတွင် ရေ၊ မီးပါ၊ အိမ်သာ(၂)လုံး၊ ရေချိုးခန်း (၁)ခန်းပါရှိပြီး ကွန်တိန်နာဝင်ထွက် သွားလာနိုင်သော နေရာကောင်းတွင် တည်ရှိသော သိုလှောင်ရုံ/ အလုပ်ရုံ အား အမြန်ဆုံးငှားမည်။

